# ပရောဖက်ပြုချက်များအားဖြင့် ခေတ်ပေါ်အဖြစ်အပျက်များကို ရှင်းလင်းစေခြင်း

ဆန်းဖါရ်နာဒူ၊ ကယ်လီဖိုးနီးယား၊ အမေရိကန်။

၆၅ - ၁၂၀၆

1 ၁။ ခေါင်းငုံ့ပြီး ဆုတောင်းကြပါစို့။ ကောင်းကင်ဘုံရှင်အဖဘုရားသခင် ဒီညအတွက် ကျေးဇူးတော် ချီးမွမ်းပါ၏။ အကြောင်းမှာ ကိုယ်တော်သည် ဆုတောင်းချက်များကို အဖြေပေးသောကြောင့် ဖြစ်ပါသည်။ ဒီမှာ အိပ်နေတဲ့အမျိုးသမီးသည် ခွဲစိပ်သည့်အခါ မအောင်မြင်ပါ။ သို့သော် ကျွန်တော် သတိယပါသည်။ ပထမဦးဆုံးခွဲစိတ်ခြင်း ပထမဦးဆုံး လောက၌ ပြုလုပ်ခဲ့ ပါ၏။ ကိုယ်တော်ရှင် ကိုယ်တိုင် အာဒံ၏ နံရိုးတစ်ချောင်းယူပြီး ပြန်ဆက်သည့်အခါမှာ ကောင်းမွန်ပါ၏။ ဒီညလည်း ကိုယ်တော်ရှင် လက်တော်ဖြင့် လူမမာအားလုံးကို တို့ထိ၍ ကောင်းချီးပေးပါ။ ယေရှုနာမဖြင့် ဆုတောင်းပါ၏။

ဤညမှာ ဒီလူအစုအဝေးခန်းမကို ကြည့်ပါ။ ကောင်းစွာ သီချင်းဆိုခြင်း အံ့ဩဘွယ်သော သီစုံ သီချင်းများ ရှိကြပါသည်။ ကျွန်ုပ် စဉ်းစားပါသည်။ အမျိုးမျိုးသော လူအများရှိပါ၏။ ညက ကျွန်တော် ဒီမှာ ရှိနေပါတယ်။ ရေကူးတဲ့ လူငယ်လေးတစ်စု ရေနစ်နေပါသည်။ တဦးဦးကို အော်ခေါ်၍ အကူအညီတောင်းပါ၏။ ဘာတွေ ထူးခြားသလဲ? ခလေးများ မတ်တပ်ရပ်နေကြပါ သည်။ Gospel သီချင်းများဆိုနေကြပါသည်။ ဘာခြားနားမှု ရှိသလဲ?

2 ၂။ ညီကိ်ုဟင်နရီပြောဆိုသကဲ့သို့ပင် ဖြစ်ပါသည်။ ‘ဤသူများမှာ မိန်းမများကဲ့သို့ဆံပင်ကို အရှည်ထားကြပါသည်။’ ဟူ၍ပင်ဖြစ်ပါသည်။ ဤလူငယ်ကလေးများမှာ ဆံပင်ရှည်၍မျက်နှာနားတဝိုက်တွင် ကောက်၍ဆံနွယ်များ ချထားပါသည်။ တခါ တရံတွင် ကျွန်တော်စိတ်ပျက်ရပါသည်။ ပြောင်းပြန်ဖြစ်နေသောကာလဖြစ်သည်။ အမျိုးသမီးတို့၏ ဘဂ၏အဝတ် အစားများကို အမျိုးသားများကဝတ်ရန် ကြိုးစားသကဲ့သို့ အမျိုးသမီးများကလည်း အမျိုးသားအဝတ်အစားများကို ဝတ်ရန်ကြိုးစားလျက်ရှိ ပါသည်။ ဤသူများ ဘာဖြစ်နေကြပါသနည်း။ ဤနိုင်ငံနှင့် ဤကမ္ဘာလောကကြီးရှိ ဤလူများတွင် ယဉ်ကျေးသိမ်မွေ့မှု၊ ဂုဏ်အသ ရေရှိသူများ ပျက်စီးသွားကြပြီလား။

ဤအချိန်ကာလသည် ကြောက်မက်ဖွယ်ကောင်းသော အချိန်ကာလဖြစ်ပါသည်။ ဧဝံဂေလိတရား ဟောပြောရန်လည်း ဘုန်းထင် ရှားဖွယ် အကောင်းဆုံးကာလလည်းဖြစ်ပါသည်။ ဤခေတ်ကာလတလျှောက်လုံး သင်မည်သည့်အချိန်အထိ တရားဟောနေ ပါမည်နည်း။ ကျွန်တော်ယခုချက်ချင်းပင် လိုအပ်ပါသည်။ ကိုယ်တော်ရှင်ကြွလာတော်မမူမှီ လိုအပ်ပါသည်။

3 ၃။ ကျွန်တော်၏ရှေ့တွင် ရပ်တည်နေလျက်ရှိသော ပရိသတ်ကိုကြည့်နေပါသည်။ ယမန်နေ့က Tucsonတွင် ကျွန်တော်၏ မိတ်ဆွေသည် မြင်စီးသွားလျက် ရှိပါသည်။ မြင်းပေါ်မှ လိမ့်ကျသွားခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ ဟိုတယ်တွင် ယနေ့မနက် အခြားသူတဦး တစ်နာရီအချိန်က တယ်လီဖုန်းဆက်ပါသည်။ စစ်မှုထမ်းဟောင်းများ ဆေးရုံတွင်လူနာတစ်ဦး ရောက်နေသည်။ မျက်ဖြူလန်လျက်ရှိပြီး နောက်ကြောမှာလည်း စုတ်ပြဲနေသည်။ ကျောက်ကပ်များ စုတ်ပြဲနေသည်။ ကျောက်ကပ်များ စုတ်ပြဲလျက်နှလုံးများလည်း အားမရှိတော့ပါဟုဆိုသည်။ ကျွန်တော်လည်းကြမ်းပြင်တွင် ဒူးထောက်လျက် တယ်လီဖုန်းဖြင့် သူ့အတွက်ဆုတောင်းပေးပါသည်။ ယနေ့ည သူသည်နားလျက်ရှိပါသည်။ Bob ထ၍ မတ်တပ်ရပ်ပါ။ ဘုရားသခင်သည် ဆုတောင်းခြင်းကို အဖြေပေးပါသည်။ မနက်၊ ည၊နေ့လည်၊ ညသို့မဟုတ် မည်သည့်အချိန်တွင်မဆို ဖြစ်ပါသည်။

4 ၄။ ကျွန်တော်သည် ဟောပြောမှုရှည်လျားသော ဆရာဟောရှေပှာသူတို့က ခေါ်ကြပါသည်။ ပြီခဲ့သော ညတစ်ညက ကျွန်တော်တို့ စကားပြောနေကြစဉ်အခါတွင် သူတို့က ပုဂံပြားများယူ၍ ကျွန်တော်ကိုချိန်ထားပါသည်။ ‘ပါးစပ်ပိတ်၍ ဤနေရာမှ ထွက်သွားပါ’ ဟူ၍လည်းပြောသည်။ ပါးစပ်တွင်လည်း စီးကရပ်များခဲထားသည်။ သူတို့ဌားထားသော သူများကြောင့်သာ ဖြစ်ပါသည်။ ဥက္ကဌဖြစ်သူ၏ ဇနီးသည်က ထွက်သွား၍မန်နေဂျာအား ပြောလိုက်ပါသည်။

‘၉ႏ၃၀ အချိန်တွင် သင်ထွက်သွားရမည်’ ဟုဆိုသည်။

‘စာချုပ်ချုပ်စဉ်က ထိုအချက်ကိုခင်ဗျား ထည့်သွင်းထားခြင်းမရှိ’ ဟုဆိုသည်။

ထိုအမျိုးသမီးမှာ ယနေ့ညဤနေရာသို့ ရောက်လာပြီး (အလွန်မွန်မြတ်သော အမျိုးသမီးကြီးဖြစ်သည်။) သူမက ပြောသည်။ ‘ရှင်တို့လိုတာကို ကျွန်မတို့နားလည်တယ်၊ ဘယ်လောက်ကြာကြာ အချိန်ယူပါ’ ဟုသူမကဆိုသည်။ ထိုအတွက် အလွန် ကျေးဇူးတင်ပါသည်။ အလွန်ကောင်းမြတ်လှပါသည်။

5 ၅။ ညီကိုဟင်နရီကျွန်တော်ကို ဖိတ်ခေါ်ခြင်းကြောင့် ကျွန်တော်အမှန်တကယ်ပင် ဂုဏ်ယူမိပါသည်။

ယနေ့ညက Assemblies of God သို့ရောက်ရှိခွင့်ရသောကြောင့် ကောင်းမြတ်လှသော အခွင့်အရေးပင် ဖြစ်ပါသည်။ ထိုနေရာ တွင် Bro Boone မှာ သင်းအုပ်ဆရာတပါးဖြစ်သည်ဟု ကျွန်တော်ယုံကြည်ပါသည်။ ထိုသူများနှင့် ကျွန်တော်တို့ သွားကြပါမယ်။ နက်ဖန်ညတွင် သူတို့နှင့် တနေရာရာကို သွားကြရအောင်။ ဘယ်နေရာလဲဆိုတာ ကျွန်တော် မသိပါဘူး။ သူတို့က ကောင်း မွန်စွာဖြင့် ပို့ဆောင်မည်။ ကျွန်တော်ဆုတောင်းလျက်၊ ကျမ်းစာဖတ်လျက် ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားပါမည်။

6 ၆။ ယနေ့ထူးခြားသော အရာများကို ယခုတွေ့မြင်ရပါသည်။ ဤအရာသို့ကျွန်တော်နောက်ဆုံးရောက်ခဲ့ချိန်က တဲထိုး၍ ဝတ်ပြုကိုးကွယ်ခဲ့ခြင်းသာ ဖြစ်ခဲ့ပါသည်။ ယမန်နေ့ည ပေးနေသော ကလေးငယ်ကလေးကို ယူဆောင်ခဲ့သော ဇနီးမောင်နှံက လေးကို တွေ့ခဲ့ရပါသည်။ တညလုံးကားမောင်းလာခဲ့ရသူများ ဖြစ်ပါသည်။ မိခင်ငယ်ကလေးမှာ တညလုံးကလေးငယ်ကို လက် ထဲတွင်

ပွေ့ပိုက်ထားသည်ကို တွေ့ရပါသည်။ ကျွန်တော်ကလေးငယ်ကလေးကိုယူ၍ ဆုတောင်းပေးပါသည်။ ကလေးငယ်မှာ သေဆုံးနေပြီး အေးစက်တောင့်တင်းနေပါသည်။ ကျွန်တော်ဆုတောင်းသည်နှင့်အမျှ ကိုယ်ခန္ဓာမှာ နွေးထွေးလာသည်ဟု နွေးထွေးလာသည်ဟု ခံစားရပါသည်။ ဆက်လက် ဆုတောင်းသောအခါတွင် ကလေးငယ်သည် ကန်ကျောက်၍ စတင်လှုပ်ရှား လာသည်။ ငိုကြွေးစပြုသည်။ မိခင်ဖြစ်သူကို ပြန်၍မေးလိုက်သောအခါ ကလေးကိုပွေ့ချီ၍ အိမ်ပြန်သွားပါတော့ သည်။ သူတို့မှာ ခရစ်ယာန်များ မဟုတ်ကြသေးပါ။ အလွန်ကောင်းမွန်နှစ်သက်ဖွယ်ရာ အတွေ့အကြုံပင်မဟုတ်ပါလား။

7 ၇။ ယနေ့ည ကျွန်တော်စဉ်းစားမိသည်မှာ ကျွန်တော်တို့၏ အသင်းတော်မှာသေနေစပြုပါပြီ။ ပင်တေကုတ္တေ ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ လှုပ်ရှားလာအောင်ပြုလုပ်ရပါမည်။ တခုတည်းပြုလုပ်နိုင်သော နည်းလမ်းမှာ ဆုတောင်း၍ နှုတ်ကပတ် တော်ကို ဖော်ထုတ်ရန်ပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ပြုလုပ်န်ိုင်သော တခုတည်းသော နည်းလမ်းပင်ဖြစ်ပါသည်။ ထိုလမ်းခရီးမှာ သခင်ယေရှု ခရစ်တော်ပင် ဖြစ်ပါသည်။ မနေ့၊ ယနေ့နှင့် ထာဝရတစ်လမ်းတည်းပင် ဖြစ်ပါသည်။ အင်္ဂလန်နိုင်ငံတွင်ကဲ့သို့ အခြေ အနေမျိုး ကျွန်တော်တို့၏ အသင်းတော်မှာ ဖြစ်ပေါ်နေပြီလား။ ထိုသို့သော အကြောင်းမျိုးကျွန်တော်တို့ ရောက်လုပါပြီ။ အလွန်ပင် ရိုင်းစိုင်း ယုတ်မာပါသည်။ ထိုကဲ့သို့သော ပုံစံမျိုး အသင်းတော်ရောက်သွားသည်ကို ကျွန်တော်တို့မတွေ့မြင်လိုပါ။ ထိုပုံစံမျိုး သင်မလို လားပါ။

ယနေ့ကျွန်တော်ပြောပြလိုသော ကျမ်းချက်တစ်ချက် ရှိပါသည်။ သင်တို့သည် မောပန်းနေကြပေပြီ။ မိနစ်သုံး ဆယ်သာ အချိန်ယူကြပါမည်။ ဤဝတ်ပြုစည်းဝေးကို သန့်ရှင်းသောဝိညာဉ်တော်က မည်သို့လမ်းညွှန်သွားမည်ကို ကြည့်ကြရ မည်ဖြစ်ပါ သည်။

8 ၈။ သူ၏သမ္မာကျမ်းစာ စာအုပ်ကိုဖွင့်၍မဖတ်မီ စာရေးသူကြီးဖြစ်သောဘုရားသခင်ကို ဆုတောင်းရန် ခေါင်းငုံ့ကြပါစို့။

ထာဝရဘုရားသခင်၊ ဤသမ္မာကျမ်းစာစာအုပ်၏ စာရေးသူအားသခင်ယေရှုခရစ်တော်၏ နာမဥ္စဆုတောင်းကြပါသည်။ ယနေ့ည ကြားနာရသော သတင်းစကားကြောင့်ကျေးဇူးတင်ပါသည်။ ဤဝတ်ပြုစည်းဝေးကို အတိုချုပ် 'အာမင်' ဆိုပြီးအိမ်ပြန်သင့်ပါ သည်။ ဤနေရာသို့ရောက်ရသည်မှာ ကောင်းပါသည်။ ကျွန်ုပ်တို့နှင့်အတူ ကိုယ်တော်ရှင် ရှိတော်မူသောကြောင့် ကောင်းမြတ် လှပါသည်။ ကိုယ်တော်ရှင်နှုတ်ကပတ်အနက်ဖွင့်၍ ကျွန်တော်တို့အားစကားပြောတော်မူပါ။ ကျွန်ုပ်တို့အသက်ရှင် နေသော ခေတ်ကာလအားသိစေရန်အတွက်ပင် ဖြစ်ပါသည်။ ထိုအချိန်အတွက်ပြင်ဆင်နိုင်ပါသည်။ ကျွန်ုပ်တို့အသက်ရှင်နေရ သော အချိန်ကာလအတွက် ပြင်ဆင်နိုင်ပါသည်။ ဘယ်နေရာသို့မဟုတ်ဘာဖြစ်သည်ကို မသိပါက ဘာပြင်ဆင်ရမည်ကို သိမည်မ ဟုတ်ပါ။ ထို့ကြောင့်ခမည်းတော်ဘုရား ကျွန်ုပ်တို့၏မျက်စိကိုဖွင့်၍ သင်္ဘောကြီးနှင့်တံခါးကို မြင်စေတော်မူပါ။ တံခါးဖွင့်၍ သတင်းစကားကို မြင်စေတော်မူပါ။ တံခါးဖွင့်၍ သတင်းစကားကိုလက်ခံစေတော်မူပါ။ သခင်ယေရှုခရစ်တော်၏ နာမတော်မြတ်ဥ္စ ချပေးတော်မူပါ့မည်အကြောင့် ဆုတောင်းပါသည်။ အာမင်။

9 ၉။ သမ္မာကျမ်းစာတော်မြတ်တွင် ကျမ်းစာတပုဒ်ကို ဖတ်လိုပါသည်။ လုကာ ၂၄ း ၁၃ ကိုဖတ်ကြည့်ပါ။ ထိုမှတပါး တပည့် တော်နှစ်ယောက်တို့သည် ယေရုဆလင်မြို့နှင့် ခရီးလေးတိုင်းကွာသော ဧမောက်အမည်ရှိသော ရွာသို့ ထိုနေ့၌ သွားကြ စဉ်တွင်- ဖြစ်ပြီးသောအကြောင်းအရာ အလုံးစုံတို့ကို အချင်းချင်း ဆွေးနွေး ပြောဆိုကြ၏ ။ ထိုသို့ ဆွေးနွေးပြောဆိုရာတွင် ယေရှုသည် ချဉ်းကပ်၍ သူတို့နှင့်အတူ ကြွတော်မူ၏ ထိုသူတို့သည် မျက်စီချုပ်လျက်ရှိ၍ ကိုယ်တော် ဖြစ်သည်ကို မသိကြ။

ကိုယ်တော်ကလည်း သင်တို့သည် ခရီးသွားလျက် အချင်းချင်း ဆွေးနွေးသောစကား ကားအဘယ်သို့စကားနည်း အဘယ် ကြောင့်မျက်နှာ ညှိုးငယ်ကြသနည်းဟု မေးတော်မူလျှင် - သူတို့တွင် ကလောဖ အမည်ရှိသော သူက သင်သည် ယေရုရှလင်မြို့ ၌ ဧည့်သည်ဖြစ်လျှက် ထိုမြို့၌ဖြစ်ခဲ့ပြီးသော အကြောင်းအရာတို့ကို မသိသလောဟု ပြောဆို၏ ကိုယ်တော်ကလည်း အဘယ်အကြောင်းအရာနည်းဟု မေးတော်မူလျှင် ထိုသူတို့က နာဇရက် မြို့သားယေရှု၏ အကြောင်းအရာပေတည်း။ ထိုသူသည် ဘုရားသခင်ရှေ့ ၊ လူအပေါင်းတို့ရှေ့မှာ နှုတ်သတ္တိ ၊ ဥာဏ်သတ္တိနှင့်ပြည့်စုံသော ပရောဖက်ဖြစ်၏ ။ ထိုသူကို ယဇ်ပရောဟိတ် အကြီးနှင့် ငါတို့မင်းများ သည်အသေသတ်ခြင်းကို ခံစေခြင်း ငှာ အပ်နှံ၍ လက်ဝါကားတိုင်မှာ ကွပ်မျက်ကြပြီး။ ထိုသူသည် ဣသရေလ အမျိုးကို ရွေးနှုတ်အံ့သောသူဖြစ်သည်ဟု ငါတို့သည် အထက်ကမြော်လင့်ကြပြီ ထိုမျှမကဤအကြောင်းအရာဖြစ်၍ ယခုသုံးရက်ရှိပြီ။ ငါတို့အပေါင်းအဖော်မိန်းမအချို့တို့သည်လည်း သချႋင်းတော်သို့ စောစော သွား၍ -

အလောင်းတော်ကို မတွေ့လျှင်၊ သခင်ယေရှုသည် အသက်ရှင်တော်မူသည်ဟု ပြောသောကောင်းကင်တမန်ထင်ရှားရာရူပါရုံကို မိမိတို့မြင်ကြောင်းကို ပြန်လာ၍ ပြောဆိုသဖြင့် ငါတို့သည် မိန်းမောတွေဝေခြင်းရှိကြ၏ ။

ကိုယ်တော်ကလည်း ပရောဖက် ဟောပြောသောစကားများကို ယုံနိုင်အောင် ညဏ်မရှိ စိတ်ခိုင်မာသောသူတို့- ခရစ်တော်သည် ဤသို့ပင်အသေခံ၍ မိမိဘုန်းစည်းစိမ်တော်ကို ဝင်စားရမည်မဟုတ်လောဟု မိန့်တော်မူ၏ ။

ထိုအခါမောရှေ၏ ကျမ်းစာမှစ၍ ပရောဖက်တို့၏ကျမ်းစာများ၌ ကိုယ်တော်ကိုရည်ရွယ်၍ရေးထားသမျှသော ကျမ်းစာချက် အနက်ကို ရှင်းလင်းစွာဖော်ပြတော်မူ၏ ။ သူ၏နှုတ်ကပတ်တော်ကို ဖတ်ခြင်းအားဖြင့် ကိုယ်တော်ရှင်သည် သူ၏ကောင်းချီးများကို ထပ်မံ၍ချီးမြှောက်ပါစေ။

10 ၁၀။ ဘာသာရပ်တခုအနေနှင့် ခေါ်ဆိုရမည်ဆိုလျှင် ဤအဖြစ်အပျက်များကိုခေါ်ဆိုလိုပါသည်။ အဖြစ်အပျက်များ ဖြစ်၍.....ပရောဖက်ပြုချက်များအားဖြင့် ခေတ်ပေါ်အဖြစ်အပျက်များကို ရှင်းလင်းစေခြင်းပင် ဖြစ်ပါသည်။ မပြောင်းလဲသော ဘုရားသခင်၏နည်းလမ်းဖြစ်၍ အဖြစ်အပျက်များမဖြစ်ပျက်မီ သူ၏လူများကိုကြိုတင်သိမြင်စေခြင်းပင် ဖြစ်ပါသည်။

သခင်ယေရှု၏နေ့ရက်ကာလလူများသည် ဘုရားကိုသာရှာဖွေခဲ့ပါက နောင်ဖြစ်လာမည့်အဖြစ်အပျက်များ ကိုလည်း ကြိုတင်သိမြင်နေပါက သခင်ယေရှုကိုကုသေစေခြင်းငှာ စီရင်မည်မဟုတ်ပါ။ သို့သော်လည်း သမ္မာကျမ်းအများပြည့်စုံရန် အတွက်

ယုဒလူမျိုးများမှာ ဝိညာဉ်မျက်စိကွယ်ရပါသည်။ ကျွန်ုပ်တို့အားလုံးထိုအကြောင်းအရာကို သိခွင့်ရပါသည်။

ကျွန်တော်တို့ အသက်ရှင်နေသောယနေ့ကာလတွင်လည်း တဖန်ပြန်လည်၍ ထိုသို့ဂတိတော်ထားကြောင်းကို သင်သိပါသလား။ လောဒိကိအသင်းတော်ကာလမှာ သတ္တမမြောက်အသင်းတော်ကာလဖြစ်၍ ယနေ့ ကျွန်ုပ်တို့အသက်ရှင်သော ကာလဖြစ်၍ အဝတ်ချည်းစီးရှိခြင်း၊ စိတ်ပျက်ဖွယ်ဖြစ်ခြင်း၊ ဝိညာဉ်မျက်စိကွယ်ခြင်းဖြစ်၍ ထိုသို့ဖြစ်ခြင်းကိုမသိကြပါ။ ရွေးချယ်ထားခြင်းခံရသူများအားဖြင့် သူ၏သတင်းစကားကို သိစေရန်အတွက်တည်းဟူသော ရည်ရွယ်ချက်ဖြင့် သူ၏ဝိညာဉ်မျက်စိကွယ်ရခြင်းဖြစ်ပါသည်။ ယနေ့လည်း ထိုနည်းတူစွာပင် ပြုလုပ်ရန်သူဂတိပေးတော်မူပါသည်။

11 ၁၁။ ခရစ်တော်၌ညီအစ်ကိုမောင်နှမများအားလုံးကို တနေ့သောအခါတွင် တစုံတဦးသော သူကအောက်ပါအတိုင်း ပြောဆိုမည်ဖြစ်ပါသည်။ ဤအရာများပထမဆုံး ဖြစ်ပျက်မည်ဟုရေးသားထားခြင်းရှိမည်မဟုတ်ပါလား။

သူ့အားစာရင်ထဲမှတ်ထားသည့်အတိုင်း သူကကြွလာတော်မူ၍ သူတို့ပြုလုပ်ခဲ့ပါသည်။

ကြွလာတော်မူ၍ သူတို့ပြုလုပ်ခဲ့ပါသည်။ ကိုယ်တော်ရှင်ကို သူတို့က မေးမြန်းတော်မူသောအခါ သမ္မာကျမ်းစာ ဆိုခဲ့သည့်အတိုင်း သူကြွလာတော်မူခဲ့ပြီးဖြစ်၍ 'ဧလိယသည်ပထမ အကြိမ်ကြွလာတော်မူမည်' ဟုဆိုပါသည်။ သခင်ယေရှု အားလည်းထိုကဲ့သို့ ဆိုလိုခြင်းပင်ဖြစ်ပါသည်။

'သူကြွလာတော်မူပြီးဖြစ်၍ သင်တို့သူကိုမသိကြပါ' ဟုသူကဆိုသည်။ ထိုနည်းတူစွာပင်ယခုလည်း ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

12 ၁၂။ ယခုကျွန်ုပ်တို့အသက်ရှင်သော ခေတ်ကာလတွင်သာ ဖြစ်လာမည်ကိုကျွန်တော်တို့ဖော်ပြလိုပါသည်။ ဘုရားသခင်သည် ခေတ်ကာလတိုင်းတွင် သူ၏နှုတ်ကပတ်တော်မြတ်ကို ခွဲတမ်းချ၍ဖော်ပြလေ့ရှိပါသည်။ ကျွန်တော်တို့သတိပြုရမည်မှာ ခေတ်ကာ လခုမှ အခြားတခုသို့ သယ်ဆောင်သွားနိုင်မည်မဟုတ်ခြင်းပင် ဖြစ်ပါသည်။ နောင်တခေတ်အတွက် အလုပ် မဖြစ်ပါ။ ဥပမာ အားဖြင့် ယခင်က ကျွန်တော်ပြောပြခဲ့ပြီးသကဲ့သို့တည်ပြီး တညဆက်တိုက်မပြောနိုင်တော့ပါ။ အပ်ကြောင်း ထပ်နေပြီ။ မောရှေ သည် နောဧဟောပြောသည့် သတင်းစကားမျိုးကို သခင်ယေရှုက ဟောပြောလျှင် ဘယ်လိုနေမည်နည်း။ မာတင်လူသာက ကက်သလစ်တို့၏ သွန်သင်မှုအတ်ိုင်းဆက်လက်၍ သွန်သင်လိုပါက မည်သို့ဖြစ်နိုင်ပေမည်နည်း။ လူသာရင်၏ သတင်းစကား မျိုးကို ဝက်စလီက ဆက်ဟောလျှင်ဘာအကျိုးရှိမည်နည်း။ ပင်တေကုတ္တေတို့ကလည်းလူသာ၏ သတင်းစကားကို ဆက်လက် ဟောပြောပါက ဘာကောင်းမည်နည်း။ သတိုးသမီးကို ခေါ်ဆောင်သွားသောအခါ ပင်တေကုတ္တေတို့ ဘာဆက်၍ ဟောစရာရှိ တော့မည်နည်း။ ကျွန်တော်တို့မှာ မျိုးစေ့ချရန်အချိန်ရောက်နေပါပြီ။ နောက်ဆုံးသော အချိန်သို့ရောက်နေပေပြီ။ မြေကြီးပေါ်သို့ ဂျုံစေ့တစေ့ကျသည်နှင့် ၎င်းသည်တဦးတည်းသော ရပ်တည်နေရမည်ဖြစ်ပါသည်။

13 ၁၃။ ဝေဖန်သူတဦးအနေနှင့် စာအုပ်ထွက်လာကထဲကကျွန်တော်က ကောက်ချက်ချခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဂျာမန်စာရေးဆရာတစ်ဦး ရေးသားဝေဖန်ခြင်းအများဆုံး ခံရသည့်ဆောင်းပါးများပင် ဖြစ်ပါသည်။ သူသည်ဘာသာရေးခံယူချက် မရှိသူဖြစ် သည်။ ကျွန်တော်အားသူက စစ်ကြောစီရင်သောကြောင့် ကျွန်တော်ကလည်း သူကိုစစ်ကြောစီရင်ခြင်း မပြုလုပ်လိုပါ။ ဘာသာရေးယုံကြည်ချက်မရှိသဖြင့် စာအုပ်မှာစင်ပေါ်တွင်မရှိသည့်ပါ။ သူ၏အဆိုမှာ 'ဘုရားသခင်သည်ပင်လယ်နီကို ဖြတ် ကျော်၍ သူ၏လူမျိုးတော်ကို ကယ်တင်နိုင်သည်ဟုဆိုသည်။ ထိုဘုရားသခင်က သူ၏ဝမ်းဗိုလ်တွင်လက်နှစ်ဖက်ယှက်၍ အမှောင်ခေတ်ကာလတလျှောက်လုံးမျှော်ကြည့်ကြည့်၍ ခရစ်ယာန်များကိုခြင်္သေ့များ ကိုက်ဖြတ်သည်ကို လက်ပိုက်ကြည့်နေလျက် ရှိပါသည်။ မိခင်များ၏ဆံပင်များကို ကတ္တရာစေးသုတ်လျက် ကားတိုင်တွင်ချိတ်ဆွဲပြီး မီးရှို့ခံကြရသည်။ မွေးခါနီးဆဲဆဲ မိခင်များ၏ ဝမ်းဗိုက်ကိုဖွင့်၍ အတွင်းမှကလေးငယ်သည် ယော‌ကျ်ားလေးလော့၊ မိန်းကလေးလော့ဟု လောင်းကြေးထပ်ကြ သည်။ ထိုသို့ဖြစ်ပျက်စေရန် ခွင့်ပြုသူမှာ ဤဘုရားသခင်၏ အစေခံကျွန်များဟု ခန့်မှန်းထားခြင်းခံရသူများဖြစ်ပါသည်။'

14 ၁၄။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ် မှုတ်သွင်းခြင်းခံရပါသည်။ သီဩလောဂျီ ရှုဒေါင့်မှ နေ၍ သင် သည် သမ္မာကျမ်းစာကို တိုင်၍ ဖတ်ရှု့လေ့လာယုံမျှဖြင့်နားလည်နိုင်မည်မဟုတ်ပါ။ ပညာရေးရှုတောင့်မှနေ၍လည်း နားမလည် နိုင်ပါ။

နှစ်ခြင်းသင်းအုပ် ဆရာတပါးနှင့် မကြာသေးမှီကာလက ကျွန်တော်စကားပြောဆိုခဲ့ဘူးပါသည်။ သူက ' ဂရိဘာသာကို မှန်မှန်ကန်ကန်နားလည် စေရန် လေ့လာပြီးသည့် အထိ ' ဟုဆိုပါသည်။

'နိစိန်ကောင်စီတွင် ၎င်းတို့သည် သမ္မာကျမ်းစာထဲမှ ဂရိစကားများအကြောင်းကို လေ့လာခဲ့ကြပါသည်' ဟု ကျွန်တော်ကပြော သည်။ သင်တို့ဘယ်သောအခါမျှ သိနိုင်မည်မဟုတ်ပါ။

ဝိညာဉ်တော်ဖော်ပြခြင်းအားဖြင့်သာ သမ္မာကျမ်းစာကို နားလည်နိုင်ပါမည်။ ဗျာဒိတ်ဖော်ပြခြင်းဆိုသည်မှာ တခုတည်း သော အကြောင်းအရာပင်ဖြစ်ပါသည်။ သခင်ယေရှုက ပေတရုအား ' ဤကျောက်ပေါ်တွင် ' ဟုဆိုသည်။ ဤဗျာဒိတ်ကျောက်မှာ သူမည်သူဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။ ' ယောန၏ သားရှိမုန် အသွေးအသားသည် သင့်အား ဤအရာများကို ဖော်ပြခြင်း မဟုတ်ပါ။ ကောင်းကင်ဘုံရှင်၏ ခမည်းတော်က ဤအရာကို ငါ့အားဖော်ပြခြင်းဖြစ်ပါသည်။ ဤကျောက်ပေါ်မှာ ငါ၏ အသင်း တော်ကို ငါတည်ဆောက်မည်' ဟုဆိုပါသည်။ ပေတရုအပေါ်တွင်တည်ဆောက်ခြင်းမဟုတ် ။ မိမိကိုယ်ပေါ်တွင်တည်ဆော်ခြင်း မဟုတ် ။ သူမည်သူမည်ဝါ ဖြစ်ကြောင်း ဝိညာဉ်ရေးရာအရ ဗျာဒိတ်ဖော်ပြပြီး နောက်ဖြစ်ပါသည်။

သူသည် နှုတ်ကပတ်တော်ဖြစ်ပါသည်။ ရှင်ယောဟန် အခန်းကြီး (၁)ဖြစ်ပါသည်။ ' အစဦး၌ နှုတ်ကပတ်တော် ရှိ သည်။

နှုတ်ကပတ်တော်သည်လည်းဘုရားသခင်နှင့်အတူရှိတော်မူသည်။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင် ဖြစ်တော်

မူသည်။ နှုတ်ကပတ်တော်သည် လူဇာတိကိုခံယူတော်မူ၍ကျွန်ုပ်တို့နှင့်အတူကျိန်းဝပ်တော်မူပါသည်။ ‘ ဟေဗြဲ ၁၃ း ၈ ကို ကြည့် ပါက သူသည်မနေ့ ၊ ယနေ့နှင့် ထာဝရအတူတူ ပင်ဖြစ်သည် ’ ဟု ဆိုထားသည်ကို တွေ့ရပါသည်။

15 ၁၅။ ပင်တေကုတ္တေခေတ်ကာလနှင့် မတူဘဲကွာခြားသည့်ခေတ်ကာလသို့ရောက်လာမည်ဖြစ်ကြောင်း ဘုရားသခင်၏နှုတ်က ပတ်တော် ဖော်ပြတော်မူသော နေ့ရက်ကာလတွင် ကျွန်ုပ်တို့အသက်ရှင်လျက်ရှိကြောင်း သိရပါသည်။ ကျွန်တော်သည် ပညာတတ်တစ်ဦးမဟုတ်ပါ။ သို့သော်လည်းသင်သည် သဘာဝကိုဆန့်ကျင်၍မရပါ။ အကြောင်းမှာဘုရားသခင်သည် သဘာဝ၏ ဆက်စပ်မှုတွင် ဆက်လက်၍ လှုပ်ရှားနေသောကြောင့် ဖြစ်ပါသည်။ နေထွက်၍ နေဝင်သကဲ့သို့ ဖြစ်ပါသည်။ ညနေနေဝင်၍ နောင်တနေ့တွင်နေထွက်ပါ့မည်။ နွေတွင်ရွက်ဟောင်းကြွေ၍ မိုးတွင်ရွက်သစ်ဝေပေမည်။

သတိပြုရမည့်အရာမှာ ဂျုံစေ့ကဲ့သို့နှိုင်းယှဉ်ထားခြင်းအကြောင်းပင် ဖြစ်ပါသည်။ သတိုးသမီးဖြစ်သည်။ ထိုသို့ဖြစ် ပေါ်စေရန် ဘုရားသခင်က ဖြစ်စေသောကြောင့်ပင်ဖြစ်ပါသည်။ ထိုကောင်းမွန်၍ စစ်မှန်သောအသင်းတော်သည် ပင်တေကုတ္တေ နေ့ရက် တွင် အကောင်အထည်ဖော်၍ တနေ့တခြားကြီးထွားလာပြီးအမှောင်ခေတ်ကာလက မြေကြီးထဲသို့ပြန်ကျသွားပြီး မျိုးစေ့များအား လုံးကဲ့သို့ မြုတ်နှံခြင်းကိုခံရပါသည်။ ပြန်လည်ပြုပြင်ရေးကာလတွင် တဖန်ပြန်လည်၍ ပေါ်ထွက်လာရအုံးမည်ဖြစ်ပါသည်။ ပထမတွင်သေရမည်ဖြစ်ပါသည်။ ပြန်လည်ပြုပြင်ရေးပုဂ္ဂိုလ်ကဲ့သို့ ထွက်လာပြီးမာတင်လူသာဖြစ်ပါသည်။ ပထမဦးဆုံး အရာပေါ် ထွက်လာပြီး အနုံကလေးနှစ်ခုထွက်ပေါ်လာသည်။ ၎င်းနောက်ပိုမို၍ များပြားလာပါသည်။ မာတင်လူသာ ပေါ်ထွက်လာ၍ ၎င်းနောက် ဇီစလီ ၎င်းနောက်ကာဘင်းစသည်ဖြင့် ၎င်းတို့လှုပ်ရှားလာပါသည်။

16 ၁၆။ နောက်ဆုံးတွင် ပန်းပွားကဲ့သို့ ဖွာထွက်သွားလေ့ရှိပါသည်။ ဝီစလီ၏ခေတ်ကာလတွင် ဂျွန်ဝီစလီရှိပါသည်။

ထိုအချိန်မှစ၍ ပင်တေကုတ္တေခေတ်ကာလသို့ ရောက်လာပါသည်။ အပေါ်ယံကြည့်လိုက်သောအခါ အမှန် တကယ်ပင်စစ် မှန်သော ဂျုံနှံကဲ့သို့ဖြစ်နေရပါသည်။ ထိုဂျုံနှံကိုယူ၍ နောက်သို့ရွှေ့လိုက်သောအခါ ၎င်းအထဲတွင် ဂျုံနှံတခုမ ရှိတော့မည်မ ဟုတ်ပါ။ ဂျုံစေ့ပုံသဏ္ဌာန်ဖြစ်နေခြင်းဖြစ်ပါသည်။ အကာအကွယ်ပြုလုပ်ရန်အတွက် ရည်ရွယ်ချက်ဖြင့်ရှိနေရခြင်း ဖြစ်ပါသည်။ အကာအကွယ်မဲ့ဖြစ်နေပါက နေရောင်ခြည်တိုက်ရိုက်ထိခိုက်မည်ဖြစ်ပါသည်။

အချိန်အတိုင်းအတာတခုအထိ နေထိုင်ရမည်ဖြစ်ပြီး အသက်ရှင်လျက်ရှိသောအရာ အားလုံးပျောက်ကွယ်သွားပါက ဂျုံထဲသို့ဝင် သွားပြီး မြေကြီးထဲတွင်ကဲ့သို့ တဖန်ပြန်လည်၍ ပုံစံပေးလာအုန်းမည်ဖြစ်ပါသည်။

17 ၁၇။ သတင်းစကားမည်သည့်နေရာတွင် ရောက်ရောက်သုံးနှစ်အတွင်းအဖွဲ့အစည်းပုံသဏ္ဌာန်ဖြစ်ပေါ်လာပါသည်။ ထိုသို့ပြု လုပ်ပါက ထိုနေရာတွင်ပင်အသတ်ခံရသကဲ့သို့ ဖြစ်ပါသည်။ လူသာ၏ နေ့ရက်ကာလကဲ့သို့ ဖြစ်ပါသည်။ ဝီစလီ၏ နေ့ရက်များက လည်း ထိုကဲ့သို့ပင်ဖြစ်ပါသည်။ Alexander Campbell ၏ခေတ်ကာလနှင့်ပင်တေကုတ္တေနေ့များတွင်လ်ည်း ထိုကဲ့သို့ပင်ဖြစ်ပါ သည်။ သင်သည်ထပ်မံ၍ ဗျာဒိတ်ပေးချက်အသစ်ကိုလက်ခံရခြင်းမရှိတော့ပါ။ သူတို့အနယ်ထိုင်သွားလေ့ရှိပြီး ဝိညာဉ်ဆုံးရ ပါတော့သည်။ အသက်ရှင်ခွင့်ရရှိပြီး ဂျုံပင်ဖြစ်လာပါသည်။ ဂျုံပင်ပေါက်လာသောအခါ ထိုဂျုံမှအသက်ဖြစ်လာပြီး ရှင်ပြန်ထ မြောက်ခွင့်ကိုရကြသည်။ အသင်းတော်ရုတ်သိမ်းခြင်းကာလအတွက် အားလုံးကိုပေါ်ထွက်လာစေပါသည်။

18 ၁၈။ သတင်းစကားစတင်သည့်အခါ ပထမဦးဆုံးအနာရောဂါငြိမ်းစေခြင်းကို ဖြစ်စေသည်။ အံ့ဖွယ်လက္ခဏာများကို ဖြစ်စေ သည်။ ဘုရားသခင်က သာမာန်အသင်းတော်အားဖြင့် ဖြစ်ပါက ဘုရားစင်စစ်မဟုတ်တော့ပါ။ ဘုရားသခင်ကမိမိကိုယ်ကို ပြစရာမလိုပါ။ လူသားများ၏ ဂရုပြုခြင်းရရှိစေရန် သူကဆွဲဆောင်ခြင်းဖြစ်ပါသည်။ သူကတစုံတခုကို ရရှိစေရန်အတွက် ချိန်ဆနေခြင်းပင်ဖြစ်ပါသည်။

သူကိုယ်တိုင်ကြွလာတော်သည်ကိုကြည့်ပါ။

‘ပရောဖက်၊ ရဗ္ဗိ ဂါလိလဲ၏ပရောဖက်ဖြစ်ပါသည် ’ သူ၏သာသနာပြုခြင်းမှာ နှစ်သက်ဖွယ်ရာကောင်းလှပါသည်။ အသင်းတော် တိုင်းက သူကိုလက်ခံပါသည်။

သို့သော်လည်း တနေ့သောအခါတွင် သူကထိုင်လျက် ‘ငါနှင့်ငါ၏ခမည်းတော်မှာ အတူတူပင်ဖြစ်သည် ’ ဟုဆို ထားပါသည်။

ထိုသို့ဆိုသောသူ၏ နောက်သို့လိုက်သွားပါ။

သားတော်၏အသားကိုစား၍ အသွေးကိုသောက်ခြင်းမပြုလုပ်ပါက သင်အထဲတွင် အသက်တာရှိမည်မဟုတ်ပါ။

သူသည်သားရဲဖြစ်သည်။ သွေးစုတ်ဖုတ်ကောင်ဖြစ်သည်။ သူကိုဝေးဝေးရှောင်ကြပဟုဆိုကြပါသည်။

ထိုနိမိတ်လက္ခဏာနောက်ပိုင်းတွင် တစုံတရာဖြစ်ပေါ်လာပါမည်။

အပေါ်ယံအခွံကလေးမှာ မကြာမီသူ့ဘာသာသာသူကြွေကျသွားပါမည်။ နှစ်ပေါင်းနှစ်ဆယ် ကျော်လွန်သွားသော်လည်း ဘာဂိုဏ်း ဂဏမှ ပေါ်ထွက်လာမည်မဟုတ်တော့ပါ။ ဂိုဏ်းဂဏများအဆုံးသတ်သွားပြီဖြစ်ပါသည်။ ဂျုံ၏ပုံသဏ္ဌာန် ဖြစ်ပေါ်လာပါသည်။ ယခုအခါ ဂျုံဘာဖြစ်နေမည်နည်း။ သားတော်၏ ရှေ့တော်မှောက်တွင် ရှိနေရပါ့မည်။ မှည့်ဝင်းလျက်ရှိနေရပေမည်။

19 ၁၉။ တခုဖြစ်ပျက်နေသော အဖြစ်အပျက်နားမှာ အမှန်တကယ် ဖြစ်ပျက်လျက်ရှိသော အရာများဖြစ်ကြပါသည်။ ခေတ်အ ဆက်ဆက်

သမ္မာကျမ်းစာတွင် ဖော်ပြထားသောအရာများ ဖြစ်ကြပါသည်။ ကျွန်တော်သည် လမ်းချော်နေကြခြင်း မဟုတ်ပါ။ အရာခပ်သိမ်းဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း အတိအကျဖြစ်ပေါ်နေခြင်းပင် ဖြစ်ပါသည်။

သမ္မာကျမ်းစာမှာအခြားကြီးမြတ်သောစာအုပ်များနှင့် ကွာခြားမှုရှိပါသည်။ သမ္မာကျမ်းစာကဲ့သို့သော စာအုပ် မရှိပါ။ အကြောင်းမှာ သမ္မာကျမ်းစာသည် ဘုရားသခင်ကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော် ပုံသဏ္ဍာန်ဖြစ်သောကြောင့်ပေတည်း။ နှုတ်ကပတ်တော်မှာ အတွေးအခေါ်ကိုဖော်ပြခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ အတွေးအခေါ်ကို ဖော်ပြခြင်း ဖြစ်သည်။ ပရောဖက် များအားဖြင့် သူ၏နှုတ်ကပတ်တော်ကိုဖော်ပြပြီး သမ္မာကျမ်းစာကိုရေးသားပါသည်။ သခင်ယေရှုက ၎င်းအရာကို 'မျိုးစေ့' ဟုခေါ်ပါသည်။ မှန်ကန်သောအခြေအနေ၊ မှန်ကန်သောအနေအထားမျိုးတွင် မည်သည့်မျိုးစေ့ မဆိုအပင် ပေါက်လာပေမည်။ ဤပရော ဖက်ပြုချက်စာအုပ်သည် အနာဂတ်အကြောင်းအရာများကို ကြိုတင်ဟောပြောခြင်းပင်ဖြစ်ပါသည်။ စာစောင်ထဲတွင် သခင်ယေရှု ခရစ်၏ ဗျာဒိတ်အားလုံးဖော်ပြထားသည်ကို တွေ့ရပါသည်။ ဗျာဒိတ်တော်အချက်များ တခုစီပေါ်ထွက်လာပါမည်။ ပေါင်းထည့်၍ မရသကဲ့သို့ နှုတ်ယူ၍လည်းမရပါ။ နှုတ်ကပတ်တော်ပင်ဖြစ်ရပေမည်။

20 ၂၀။ အချို့သောသူများသာ 'ဗျာဒိတ်တော်ရှိသည်။ ဗျာဒိတ်တော်ရသည်' ဟုဆိုကြပါသည်။ Joseph Smith နှင့်များစွာတို့မှာ ဗျာဒိတ်တော်များရကြပါသည်။ သို့သော်လည်း နှုတ်ကပတ်တော်နှင့် ဆန့်ကျင်ဖက်ဖြစ်လျက်ရှိနေပါသည်။

ဘုရားသခင်ထံမှ လာသည်ဟုဆိုပါက နှုတ်ကပတ်တော်နှင့်အညီ ဖြစ်လာရပါမည်။ အကြောင်းမှာ ဘုရားသခင် ကျိန်းဝပ်တော် မူကြောင်း ဖော်ပြရန်ပင်ဖြစ်ပါသည်။ သူသည်ဤအရာများအားလုံးကို ကြိုတင်သိမြင်တော်မူပါသည်။ သူ၏ကြိုတင် သိမြင်တော် မူခြင်းအားဖြင့် သူသည်ဘိသိက်ခံရပါသည်။ ကြိုတင်ဘိက်သိက်ခံရပါသည်။ သမ္မာကျမ်းစာတွင် ကြိုတင်ခွဲခန့် မှတ်သားတော် မူခြင်းဟုဆိုထားပါသည်။) ခေတ်အဆက်ဆက် လူတ်ိုင်းနှင့် သတင်းစကားပို့ဆောင်သူတိုင်းကို နေရာတကျ ဖြစ်စေတော်မူ ပါသည်။ သူသည်ဘုရားဖြစ်သောကြောင့် နတ်ဆိုးကသူ့အား ဘာမျှဆွဲဆောင်ခြင်းမပြုလုပ်န်ိုင်ပါ။ သူသည် ဘုရားဖြစ်၍ အရာခပ် သိမ်းဖြစ်ပေါ်လာစေရန် ဘိသိက်ပေးခြင်းခံရပါသည်။ သူ၏နှုတ်ကပတ်တော်နှင့်အညီ အတိအကျဖြစ်ပေါ် လာရပါသည်။

သူ၏နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့ တွေ့မြင်နိုင်မည်ဆိုလျှင် မည်သို့သော ခေတ်ကာလနှင့် အချိန်အခါတွင် ကျွန်တော်တို့ အသက်ရှင်ရကြောင်း တွေ့မြင်လာရမည်ဖြစ်ပါသည်။ သမ္မာကျမ်းစာထဲတွင် ဤခေတ်ကာလအကြောင်း ကိုဤမှာပင် တွေ့မြင်ရပြီး ဖြစ်ပြီး ဤခေတ်ကာလတွင် ဖြစ်ပျက်မည့် အကြောင်းအရာများပင် ဖြစ်ပါသည်။

21 ၂၁။ ၎င်းနောက် ကျွန်ုပ်တို့တွေ့ရသော အခြားစာအုပ်များမှာ ' သန့်ရှင်းမြင့်မြတ်သော စာအုပ်များ ' ဖြစ်ပါသည်။ ကျွန်တော် သည် ကိုရန်နှင့်တကွ အခြားစာအုပ်များစွာ တို့ကို ဖတ်ရှုလေ့လာခဲ့ဘူးပါသည်။ ၎င်းတို့၏ သန့်ရှင်းသော စာအုပ်များမှာ ကိုယ် ကျင့် တရားနှင့် ကျင့်ဝတ်သိက္ခာသို့မဟုတ်သိဩလောဂျီများပင် ဖြစ်ပါသည်။

ဤစာအုပ်သည် ပရောဖတ်စာအုပ်ဖြစ်၍ အခြားသော စာအုပ်များနှင့် ကွာခြားမှု ရှိပါသည်။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်၍ အနာဂတ်ကိုကြိုတင်၍ ဟောပြောမှုရှိပါသည်။ ကြိုတင်ဟောပြောရခြင်းမှာ ကြိုတင်သတိပေးခြင်းပင်ဖြစ် ပါသည်။

ဘုရားသခင်က တစုံတရာကို စေလွှတ်လိုက်သောအခါ သမ္မာကျမ်းစာထဲတွင် သူ၏ဖော်ပြထားချက်မှာ ပထမဆုံး သူသည် သူ၏ ကျွန်များနှင့် ပရောဖက်များကို ဖော်ပြမည်ဟုဆိုထားပါသည်။ အာမုတ် ၃ း ၇ တွင်သူနှင့် ဘုရားသခင်မှာ လိမ်ညာ ခြင်းမပြု လုပ်နိုင်ဟု ဆိုထားပါသည်။ ဖော်ပြတော်မူပါသည်။ ခေတ်အဆက်ဆက် ဤနည်းကို သူက အသုံးပြုခြင်း ဖြစ်သည်ဟုဆို ထားပါသည်။ ဖော်ပြတော်မူပါသည်။ ထိုသို့ပြုလုပ်ရန် သူဘယ်တော့မှ မပျက်ကွက်ခဲ့ပါ။

22 ၂၂။ နောက်ဆုံးသော နေ့ရက်များတွင် ပြန်လည်၍ သင့်မြတ်စေမည်ဟု ကျွန်ုပ်တို့အား ဂတိပေးတော်မူပါသည်။ အသင်းတော် မရှိ၊ မက်သဒစ် ၊ နှစ်ခြင်း ၊ ပရက်စပီတီးရီးယန်း ၊ ပင်တေကုတ္တေစသည်တို့မရှိ။ သူတို့သည် အသင်းတော်ကို သတိုးသားထံသို့ ဆောင်ယူမသွားကြ။ သူတို့မလုပ်နိုင်ပါ။ သူတို့ဆုံးရှုံးပါသည်။ သူတို့ တစ်ဦးနှင့်တစ်ဦး မတည့်ကြပါ။ လောကဆန်ခြင်းများလည်း စိပ်ဝင်လာသည်။ မိမိလမ်း၌သာ မိမိတို့ သေဆုံးသွားကြရပါသည်။ ဘုရားသခင်က ထိုအရာကို သိမြင်တော်မူပါသည်။

ဤနှုတ်ကပတ်တော်ကို ဖော်ပြရန်အတွက်တစုံတစ်ဦးက ပြောပါသည်။ ' ကျွန်ုပ်တွင် ဤအရာရှိပါသည်။ ထိုကဲ့သို့ ဖြစ်ရခြင်းအ တွက်ဘုရား ကောင်းကြီးပေးပါစေ။ ' သခင်ယေရှုပထမအကြိမ် ကြွလာတော်မူစဉ်ကလည်း ထိုသို့ပင်ဖြစ်ပါသည်။ လူတိုင်းတွင် ဩဝါဒရှိ၍ ဤအရာလည်း ရှိပါသည်။ ဘုရားသခင်ထံမှ ကျွန်ုပ်တို့အတွက် တစုံတရာ ပေးပို့ရမည်။ ဘုရားသခင်က ဂတိပေးတော် မူပါသည်။ တခုတည်းသော သူပြုလုပ်တော်မူမည့်နည်းလမ်းမှာ တပုံစံတည်း ဖြစ်ရန် ပင်ဖြစ်ပါသည်။ နောက် ဆုံးနေ့ရက်များတွင် ကျွန်ုပ်တို့အတွက် ပရောဖက်ကို စေလွှတ်မည်ဟု မာလခိ ၄ တွင် ဂတိပေးထားတော်မူပါသည်။ ထိုပရောဖက်သည် လူများ၏ စိတ်နှလုံးကို ပြောင်းလဲစေမည်ဖြစ်ပါသည်။ ' သားသမီးတို့၏ ယုံကြည်ခြင်းမှာ ဘိုးဘေးတ်ုိ၏ တမန်တော် လက်ထက်က ယုံကြည် ခြင်းမျိုး ပြန်ဖြစ်မည် ' ဟုဆိုထားပါသည်။ (လုကာ ၁၇)တွင်သူဂတိပေးထားတော်မူသကဲ့သို့ဖြစ်၍ အခြားကျမ်းချက် များတွင်လည်း ထိုသို့ ဂတိပေးမှုများရှိပါသည်။ နောက်ဆုံးနေ့ရက်များတွင် ဖော်ပြထားသော နှုတ်ကပတ်တော် အတိုင်း ပြုလုပ်ဆောင်ရွက်မည်ဟု ဆိုထားပါသည်။

23 ၂၃။ လူသားတစ်ဦးသည် ဘာကို မဆိုပြောနိုင်ပါသည်။ သို့သော်လည်း ဘုရားသခင်က အနက်ဖွင့်ဆိုမှသာ နားလည်နိုင် မည်ဖြစ်သည်။ ကျွန်ုပ်တို့မှာမူပိုင်အနက် ဖွင့်ဆိုခြင်းများ ရှိပါသည်။ မက်သဒစ်က ဤသို့ပြောသည်။ နှစ်ခြင်းက ဤသို့ပြော၍ ပင်တေကုတ္တေက ဤသို့ ပြောသည်။ တလုံးတဝတည်းက ဤသို့ဆို၍ နှစ်လုံးနှစ်ဖက်က တဖန်ဤသို့ ဆိုပြန်သည်။ ဘုရားသခင် အတွက် အနက်ဖွင့်ဆိုပေးမည့်သူမလိုအပ်ပါ။ သူသာလျှင် သူဖာသာသူအနက်ဖွင့်ဆိုထားပါသည်။ သူ၏ နှုတ်ကပတ်တော်မြတ် ကို သူနှင့်သက်ဆိုင်သည့်

ခေတ်ကာလတွင် အနက်ဖော်ပြသည်။

ပင်တေကုတ္တေခေတ်ကာလတွင် ကျွန်တော်တို့ အသက်ရှင်နေခြင်း မဟုတ်ပါ။ အခြားခေတ်ကာလတွင် အသက်ရှင် နေခြင်းဖြစ်ပါ သည်။ မက်သဒစ်ခေတ်ကာလတွင် နေထိုင်ခြင်း မဟုတ်ပါ။ အခြားသောခေတ်ကာလတွင် နေထိုင်ခြင်းပင်ဖြစ်ပါသည်။ သတိုး သမီး၏ ခေတ်ကာလတွင် အသက်ရှင်နေခြင်း ဖြစ်ပါသည်။ အသင်းတော်ကို ရွေးနှုတ်တော်မူ၍ ရုတ်သိမ်းခြင်းကာလ အတွက်စုစည်းနေသည့်အချိန်ပင်ဖြစ်ပါသည်။ အရိုးသားဆုံး ဝန်ခံရမည်ဆိုလျှင် အတိအကျ အမှန်အကန်ပင်ဖြစ်ပါသည်။

24 ၂၄။ ဤစာစောင်သည် ပရောဖတ်ပြုသည့်စာစောင်ပင်ဖြစ်သည်။ ယုံကြည့်သူများသည် ဤစာစောင်ကို လေးစားကြည်ညိုစွာ ဖြင့် ဖတ်ရမည်။ ရေးသားထားသမျှ နှုတ်ကပတ်တော်အားလုံးသည် အမှန်တကယ်ဖြစ်လာမည် အကြောင်း စာရေးဆရာ ဖြစ်သူ ထာဝရဘုရားသခင်ကိုလည်း ယုံကြည့်စိတ်ချရပါမည်။ ခေတ်ကာလတိုင်းတွင် ဂတိထားတော်မူသည့်အတိုင်း ဖြစ်လာမည်။ အကြောင်းမှာ ခေတ်ကာလ တစ်ခုစီတွင် သခင်ယေရှုခရစ် ဖြစ်သောကြောင့် ဖြစ်ပါသည်။ ယမန်နေ့ကလည်း အတူတူပင် ဖြစ်ပါသည်။ ယေရှုခရစ်ပင်ဖြစ်သည်။ နော်ဧလက်ထက်ကလည်းဖြစ်သည်။ မောရှေလက်ထက်က ယေရှုခရစ်ဖြစ်သည်။ ယေရှုခရစ်သည် ၊ မနေ့ ၊ ယနေ့ နှင့် ထာဝရအတူတူပင်ဖြစ်ပါသည်။ ယေရှုခရစ်သည် သူ၏လူများအကြားတွင် ယနေ့ ရှိနေတော်မူပါသည်။ ဤခေတ်ကာလတွင် သူပြုလုပ်နိုင်မည်ဟု ဂတိပေးတော်မူသည်ကို ပြုလုပ်ပါမည်။ ယေရှုခရစ်ဖြစ်ပါသည်။

အသင်းတော်မှာမူ နှုတ်ကပတ်တော်နှင့် ဝေးကွာလွန်းသဖြင့် နှုတ်ကပတ်တော်လမ်းထဲသို့ ပြန်လည်လျှောက်လမ်းရန် အတွက် နှိုးဆော်ရန်လိုအပ်ပါသည်။ မည်ကဲ့သို့ ပြုလုပ်ရမည်ကို ကျွန်တော်တို့ မည်သို့ သိပါမည်နည်း။ ဘုရားသခင်၏ အလို တော်နှင့် အညီသာဖြစ်ရပေမည်။ အသင်းသားများ စီးပွားရေးသမားများ အသင်းသားများအားဖြင့် ရောက်လာနိုင်မည်မဟုတ်ပါ။ ဘုရားသခင်သည် သူ၏အကြံအစည်ကို အကောင်အထည်ဖော်ပါမည်။

25 ၂၅။ Shreveport တွင်တနေ့ကကျွန်တော်သည် အမျိုးသား အသံလွှင့် ဌာနတွင် ‘ ဘုရားသခင်၏အလိုတော် မဟုတ်ဘဲနှင့် ဘုရားအမှုတော်မြတ်ကို ဆောင်ရွက်ရန် ကြိုးစားခြင်း ’ ဟူသောခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပါသည်။ ဒါဝိတ်သည် ဘုရား သခင်၏ ပဋိညာဉ်သေတ္တာကို အိမ်တော်ထဲသို့ ပြန်လည် ယူဆောင်လာရန် ကြိုးစားသည်။ သူသည် ဘိသိပ် ပေးခြင်းခံရသော ဘုရင်ဖြစ် ပါသည်။ သူသည် ထောင်ပေါင်းများစွာသော သူ၏ကိုယ်စားလှယ်များ၊ တပ်မှူးများကို သူကတိုင်ပင်ပါသည်။ ၎င်းနောက် သူတို့အားလုံးက ‘ ထိုအရာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်။ ’ ဟုဆိုကြပါသည်။ ဟဇ်ပရောဟိတ်ကို တိုင်ပင် သောအခါ ကောင်းသည်ဟု ပြောပါသည်။ သူတို့အားလုံးမှာအလွန်ပင် ဝိညာဉ်တော် မှုတ်သွင်းခြင်းခံရ၍ ဘာသာရေးခလေ့ ထုံးစံကို ဆောင်ရွက်နိုင်ကြောင်း အော်ဟစ်၍ ကခုန်ကြပါသည်။ ဘုရားသခင်၏ အလိုတော်နှင့် အတူဆန့်ကျင်လျက်ရှိသည်။ နာသန် အမည်ရှိသော ပရောဖက်က သူအားလုံးဝတိုင်ပင်ခြင်း မရှိဟု ဆိုပါသည်။ သူတို့သည် စိတ်နှလုံးမှန်ကန်ကြသော်လည်း အလိုတော် နှင့်မညီသောကြောင့်အလုပ်မဖြစ်ပါ။

26 ၂၆။ သင်သည် အလွန်ပင် ရိုးသားနိုင်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့ဘာလုပ်နေသည်ကို သိသောအခါ လေထဲတွင် တိုက်ခိုက်နေသကဲ့သို့သာဖြစ်နေပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်မြတ်သို့ ပြန်လှည့်ပါ။ စစ်သားကဲ့သို့ တန်းစီပြီးရပ်နေ ပါ။ ဘာလုပ်ရမည်ကို မသိသော်လည့်း အမိန့်ကို စောင့်နေရပေမည်။ ဤအချိန်ကာလအတွက် သမ္မာကျမ်းစာထဲမှ အမိန့်များ ရသည့် အထိစောင့်နေရပေမည်။ မနေ့ ၊ ထပြန်နေစေသည်။ ထို့အတွက်အမိန့်ပေးချက်မဟုတ်ပါ။ ယနေ့ အတွက် ဖြစ်ပါသည်။ ( ဘယ်လမ်းသွားရမည်နည်း။ ) ကျွန်ုပ်တို့ အသက်ရှင်နေထိုင်သော အချိန်နာရီကို ရှာဖွေကြည့်ပါ။

ယနေ့ ခေတ်အဖြစ်အပျက်များမှာ အလွန်လျှင်မြန်စွာပင် ကုန်ဆုံးသွားပါသည်။ ဘာမှ မကျန်ဘဲ ကျွန်ုပ်တို့မှာ နောက်ကျ ကျန်ခဲ့ပေမည်။ သားရဲ၏အမှတ်တံဆိပ်ခတ်နိုင်ခြင်းခံရ၍ မိမိတို့ မသိလိုက်ရစဉ်မှာပင် ဖမ်းသွားခြင်းခံရပေမည်။

27 ၂၇။ စိတ်ရှည်သီးခံခြင်းဖြင့် ဤအရာအတွက်ကျွန်ုပ်တို့ စောင့်ဆိုင်းရပေမည်။ ဂတိထားတော်မူသော ပရောဖက်ပြုချက်အရ ဤခေတ်ကာလတွင် တယောက်စီအတွက် ပြည့်စုံရပါမည်။ ကျွန်ုပ်တို့အား ကြိုတင်ပြောထားခဲ့ပြီး ဖြစ်၍ စာရေးဆရာမှာလည်း ယခင်က ကြိုတင်ပြုလုပ်ခဲ့ပြီးဖြစ်၍ ယခုတဖန် ပြန်လည်ပြုလုပ်ရန်ကို ကျွန်ုပ်တို့စောင့်မျှော်နေလျက်ရှိပါသည်။ ပြက္ခဒိန်ကဲ့သို့ ပင်ဖြစ်ပါသည်။ ပြက္ခဒိန်ကို ကြည့်၍ သင်ရောက်နေသော နေ့ရက်ကာလကို ရှာဖွေနိုင်ပါသည်။ ဘုရားသခင်၏ သမ္မာကျမ်းစာကို ကြည့်ခြင်းအားဖြင့် ခေတ်ကာလကို သိနိုင်ပါသည်။ မက်သဒစ် ခေတ်၊ နှစ်ခြင်းခေတ် စသည်တို့တွင် နေထိုင်ကြခြင်း မဟုတ်ပါ။ သတိုးသမီး ခေတ်တွင်နေထိုင်နေခြင်းဖြစ်ပါသည်။ ဘုရားသခင်ထံသို့ ပြန်လည်ယူဆောင်လာပြီး သူဂတိထားတော်မူသည့် အတိုင်း သူပြုပြင်ထားသည့်လမ်းကြောင်းဖြင့် ပြန်လာခြင်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်ရန် သူဂတိပေးတော်မူခြင်း ဖြစ်ပါသည်။

ခေတ်အဆက်ဆက် ဖြစ်လျက်ရှိသော အလေ့အထ အတိုင်း လူတိုပသည် မိမိတို့ဘာသာ သီသြလောဂျီ ဖြင့် အနက်ဖွင့် ပြီး ဘုရားသခင်၏ ဖော်ပြချက် (အနက်ဖွင့်ချက် ) ကို လက်မခံကြပေ။ ကျွန်တော်ပြောဆိုခြင်း၊ တစုံတစ်ခုကပြောဆိုခြင်း မဟုတ် ဘဲ ဘုရားသခင်ဂတိတော် အတိုင်း ဆောင်ရွက်ခြင်းဖြစ်၍ ဘုရားသခင်က မိမိ၏နှုတ်ကပတ်တော် မြတ်ကို မိမိဖာသာ အနက် ဖွင့်ဆိုသည်ဟု သက်သေပြရာကျပါသည်။

28 ၂၈။ လွန်ခဲ့သောနှစ်ပေါင်းလေးဆယ်၊ ငါးဆယ်ခန့်က သင်တို့သည် ပင်တေကုတ္တေများဖြစ်ကြပါသည်။ သင့်မိခင်များနှင့် ဖခင်များမှာ စစ်မှန်သော ပင်တေကုတ္တေ ခရစ်ယာန်များဖြစ်ကြပြီး အဖွဲ့အစည်းမှ ထွက်လာကြ၍ ကျိန်ဆဲပြီး နှုတ်ထွက်ခဲ့ကြပါ သည်။ ၎င်းနောက်ခွေးသကဲ့သို့ မိမိကိုယ်ကို ပြန်သတ်ခြင်းပင်ဖြစ်ပါသည်။ ထိုအထဲရောက်နေသောသူများကို ဘယ်ခါမှ မဆန့် ကျင်ပါ။ စံနစ်များပင်ဖြစ်ပါသည်။

အခြားသောသူတဦး၏ စည်းဝေးတွင် ကျွန်တော်ဟောပြောခြင်း မပြုလုပ်ပါ။ ‘မြွေ၏ လမ်းကြောင်း ’ ကိုသာ ကျွန်တော်

ဟောပြောပါမည်။

29 ၂၉။ အို... သတိပြုပါ။ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်စကားတော်သည် အတည်ပြုခြင်းကိုလွဲသွားပါသည်။ ထို သင်းအုပ်ဆရာ... သူတို့သည် အတိအကျ မေရှိယကြွလာမည်ကို အတည်ပြုပါသည်။သူတို့သည် ဘာကနေရာယူမလဲဆိုတာကို သိနေပါသည်။ ဖာရိရှဲသည် အကြံဉာဏ်ရှိပါသည်။ ဇနက္ကဲ၊ဟေရုဒ်နှင့်အားလုံးသည် အကြံအစည်ရှိပါသည်။ ဒါပေမဲ့ သူမလာပါ... သူသည် အကုန်လုံးနှင့် ဆန့်ကျင်ဖို့ လာခဲ့ပါသည်။ ဒါပေမဲ့ တိကျသည်မှာသူ၏နှုတ်ကပတ်တော်ဖြစ်ပါသည်။ ယေရှုပြောသည်မှာ တူညီသောအရာသည် ထိုနေရာမှာဖြစ်ပါသည်။ ‘အကယ်၍ သင်ကျွန်ုပ်ကိုသိသည်မှာ သင်သည် ကျွန်ုပ်၏နေ့ရက်ကိုသိသင့်ပါ သည်။ အကယ်၍ သင်သိသည်မှာ... သင်ပြောပါသည်။ ကောင်းပြီ မောရှေ။ ကျွန်ုပ်တို့မှာမောရှေရှိပါသည်။’ ပြောပါသည်။ ‘ဘာ ဖြစ်လို့လဲ။ သင်သည် မောရှေကိုယုံကြည်လျှင်ကျွန်ုပ်ကိုယုံကြည်ပါသည်။ ဘာဖြစ်လို့လဲဆိုတော့ သူသည် ကျွန်ုပ်အကြောင်းရေးပါ သည်။’

ဤမြင်ကွင်းတွင် သတိပြုရမည့် အရာမှာ ဘုရားသခင်၏နှုတ်ကပတ်တော်များကို အတည်ပြုခြင်းပင်ဖြစ်ပါသည်။ ပြည့်စုံ သွားပြီဖြစ်သော ပရောဖတ်ပြုချက်များကို အတည်ပြုခြင်းပင်ဖြစ်ပါသည်။ မေရှိယကြွလာတော်မူတော့မည်ကဲ့သို့ပင် ဖြစ်နေပါ သည်။ နှုတ်ကပတ်တော်နှင့်မှု ကိုက်ညီလျက်ရှိပါသည်။ သခင်ယေရှုကလည်း သူ့အားသိလျှင် သူ၏ နေ့ရက်ကိုသိမည်။ မောရှေကို ယုံကြည့်သကဲ့သို့ သူ့အားလည်း ယုံကြည်မည်ဟု ဆိုထားပါသည်။

ဒါပေမဲ့ ကြည့်ပါ။ ဘုရားသခင်သည်အတိအကျသူ၏ကတိတော်ကို လက်ခံပါသည်။ သူတို့မှာ ဂုဏ်အသရေရှိသောလမ်း ဖြစ်ပါသည်။ ဒါကြောင့်ဘုရားသခင်သည် လာဖို့ရန်ဖြစ်ပါသည်။ ပြီးတော့... ကျွန်ုပ်ပြောချင်သောအရာမှာ မေရှိယသည် သူ၏အဖွဲ့ကိုလာရမည်ဖြစ်ပါသည်။ ဒါမှမဟုတ်ရင်လည်း သူသည် မေရှိယမဟုတ်ခဲ့ပါ။ ကောင်းပြီ။ ဒါကနည်းလမ်းမှန်ပါသည်။ဒီနေ့ ရောက် လုနီးပါး ‘သင်သည် ကျွန်ုပ်၏မျက်မှန်ကိုမတွေ့လျှင် သင်သည်ရှာကိုမရှာပါ။’ တွေ့လား။ ၎င်းသည် လမ်းမှန်ဖြစ်ပါသည်။ မှန်ပါ သည်။ ကျွန်ုပ်တို့သည် ၎င်းကိုတွေးပြီးမှန်းပါသည်။ ဒါပေမဲ့ ၎င်းသည် သေချာပေါက်ကိုမှန်နေပါသည်။

30 ၃၀။ ဟေဗြဲ ၁း၁ တွင် ဘုရားသခင်က သူရွေးချယ်သောနည်းလမ်းဖြင့် သမ္မာကျမ်းစာကို ရေးသားထားပါသည်။ သိဩလောဂျီ ပညာရှင်များဖြင့် ရေးသားခြင်းမဟုတ်ပါ။ သိဩလောဂျီ ပညာရှင်များ အနက်ဖွင့်ခြင်းမပြုလုပ်ပါ။ ဘုရားသခင်၏ နှုတ်ကပတ် တော်ကို သိဩလောဂျီ ပညာရှင်များ အနက်ဖွင့်ဆိုသော အချိန်ဟူ၍ တခါမှ မရှိခဲ့ဘူးပါ။ အနက်ဖွင့်ဆိုခြင်းများသည် ပရောဖက် များထံသို့ လာပါသည်။ ဘုရားသခင်က ပရောဖက်ကို စေလွှတ်မှသာလျှင် ဤပြဿနာကို ရှင်းနိုင်မည်ဖြစ်ပါသည်။ ယုံကြည် လက်ခံ စောင့်ကြည့်ခြင်း၌ ပြည့်စုံခဲ့ရပါသည်။

လူကရေးသားခြင်းမဟုတ်ပါ။ ဘုရားသခင်က ရေးသားခြင်းသာ ဖြစ်ပါသည်။ သူ၏စာအုပ်မဟုတ်ပါ။ သိဩလောဂျီ ပညာရှင် များ၏ စာအုပ်လည်း မဟုတ်ပါ။ ဘုရားသခင်၏ စာအုပ်ဖြစ်ပါသည်။ ပရောဖက်စာအုပ်ဖြစ်၍ ပရောဖက်များက ရေးသားပြီး ပရောဖက်များက အနက်ဖွင့်ကြပါသည်။ သမ္မာကျမ်းစာက ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ပရောဖက်များထံသို့ လာသည် ဟုဆိုထားပါသည်။

31 ၃၁။ သခင်ယေရှု၏ ကမ္ဘာပေါ်သို့ ကြွလာတော်မူသောအခါ အလွန်ပင်လှပစွာ သရုပ်ဖော်ပြထားပါသည်။ ထိုခေတ်ကာလက ပရောဖက်မှာ ရှင်ယောဟန်ဖြစ်ပါသည်။ သူက ပရောဖက်ပြုပါသည်။ သူတို့က ဘုရားသခင်သည် ကျွန်ုပ်တို့၏ အဖွဲ့အစည်းများကို ဖြိုဖျက်ပစ်မည်ဟု ဆိုလိုခြင်းဖြစ်ပါသလားဟု မေးကြသည်။ ကျွန်တော်တို့ ဝတ်ပြုကိုးကွယ်ကြမည့် ဗိန်မာန်တော်ကြီး များတွင် လည်း ဆက်လက်ဝတ်ပြုကြတော့မည်မဟုတ်ဟု ဆိုလိုခြင်း ဖြစ်ပါသလားဟုမေးကြပါသည်။

သူ၏အဆိုအရ ဘုရားသခင်၏ သိုးသငယ်တော်မြတ်ဖြစ်သည့် လူသားကို ဟဇ်ပူဇော်ရန် အချိန်ရောက်လာမည်ဟုဆို ထားပါသည်။ သူကြွလာတော်မူသော အခါသူ့အား သိမည်ဟူ၍လည်း သူကဆိုပါသည်။ သူ၏သတင်းစကားနှင့် ပတ်သတ်၍ သူကအလွန်ပင်သေချာသည်ဟု သူကဆိုထားပါသည်။ သင်တို့ကြားတွင် သူသည် ယခုရပ်နေလျက်ရှိပြီး သင်တို့သူကို မသိကြ ပါ။

တနေ့သောအခါ သခင်ယေရှုအပြင်သို့ လျှောက်ထွက်လာသော အခါယောဟန်ကအထက်သို့မျော်ကြည့်၍ သူ့အထက် ကောင်းကင်တွင် နိမိတ်လက္ခဏာကို တွေ့ရပါသည်။ ‘ တလောကလုံး၏ အပြစ်ကို ဆောင်ယူသွားသော ဘုရားသခင်၏ သိုးသငယ်မြတ် ’ ဟုသူကဆိုပါသည်။ သူသည် လူတို့ရှေ့တွင်သက်သေပြုတော်မူသောသူဖြစ်မှန်းသခင်ယေရှုက သိမြင်တော်မူ ပါသည်။ သူသည်ယခုအခါတွင် နှုတ်ကပတ်တော်ဖြစ်တော်မူ၍ ကျွန်ုပ်တို့သံသယဖြစ်စရာ အကြောင်း မရှိတော့ပါ။ သမ္မာကျမ်းစာ ကသူသည် နှုတ်ကပတ်တော်ဖြစ်ကြောင်းဆိုထားပါသည်။ ‘ အစဦး၌ နှုတ်ကပတ်တော်ရှိ၏ နှုတ်ကပတ်တော်သည် ဘုရား သခင်နှင့် အတူရှိ၏ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော် မူ၏ ’

နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍ ကျေးဇူးတော်နှင့်၎င်း၊ သစ္စာနှင့်၎င်း၊ ပြည့်စုံလျက်ငါတို့တွင် တည် နေတော်မူသည်။ ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်သည် ကမ္ဘာကြီးပေးသို့ ရောက်လာပြီဖြစ်ပါသည်။ ပရောဖက်ထံသို့ ရေထဲမှ တဆင့် ထွက်ကြွလာတော်မူခြင်း ဖြစ်ပါသည်။

32 ၃၂။ မှန်ပါသည်။ နှုတ်ကပတ်တော်သည် အမြဲတမ်းသူ၏ ပရောဖက်ထံသို့ လာတတ်ပါသည်။ သိဩလောဂျီ ပညာရှင်များ ထံသို့ လာမည်ဟုကျွန်ုပ်တို့မမြော်လင့်နိုင်ပါ။ ဂိုဏ်းဂဏများထံသို့ လာမည်ဟုလည်း မမြော်လင့်နိုင်ပါ။ သူကြိုတင်ဖော်ပြထား သည့်အတိုင်းဘုရားသခင်၏ လမ်းကြောင်းအတိုင်းလာရမည်ဖြစ်ပြီး တခုတည်းသောနည်းလမ်းပင် ဖြစ်ပါသည်။ အမုန်းခံရမည်။ အပစ်ပယ်ခံရမည်။ ငြင်းပယ်ခြင်းခံရပေမည်။ သူကြွလာတော်မူသောအခါ တဖက်သို့ပစ်ထားခြင်းခံရပေမည်။ ဘုရားသခင်က မည်သို့ပင်ဖြစ်ဖြစ်ဆောင်ရွက်မည်သာဖြစ်ပါသည်။ ယေရှုခရစ်၌ ငြင်းပယ်ခြင်းကိုခံရသည်။ ယောဟန်၌လည်း ငြင်းပယ်ခြင်းကို ခံရသည်။

ယေရမိက ငြင်းပယ်သည်။ မောရှေကလည်းငြင်းပယ်ပါသည်။ ထိုနည်းအတိုင်းပင်ဖြစ်ပါသည်။ သို့သော်လည်း ဘုရားသခင်ကသူဂတိထားတော်မူသည်အတိုင်းပြုမူဆောင်ရွက်ပါသည်။ ဘယ်သောအခါမှ သူကပျက်ကွက်ခြင်းမရှိပါ။

33 ၃၃။ ရူပါရုံမြင်သောသူ သို့မဟုတ် အသံတော်ကိုကြားသောသူမှာ ဘယ်သောအခါမှ နားလည်နိုင်ခြင်းမရှိပါ။ များသော အားဖြင့် သူသည်နားမလည်နိုင်ပါ။ အကြောင်းမှာ သူသည်ဘုရားသခင်၏ တန်ဆာပလာသာဖြစ်သောကြောင့် ဖြစ်ပါသည်။ လူသား၏နှုတ်များမှ တဆင့်ဘုရားသခင်၏ အတွေးများကို ဖော်ပြခြင်းဖြစ်ပါသည်။ အတွေးများကို စကားလုံးများဖြင့် ဖော်ပြခြင်း ဖြစ်ပါသည်။ ဘုရားသခင်သည် မိမိဖာသာရွေးချယ်ခြင်းကို ကြိုတင်ရွေးချယ်ထားနှင့် ပြီးသားဖြစ်ပါသည်။ ခေတ်ကာလတိုင်း သူကပြုလုပ်ပါသည်။ ခေတ်ကာလတခုစီအတွက်လူတဦးစီကို ခွဲခန့်မှတ်သားထားပါသည်။ မောရှေကဲ့သို့ဖြစ်၍ အာဗြဟံကို ပြောသကဲ့သို့ ပြည့်စုံစေခြင်း ဖြစ်ပါသည်။ မောရှေမှာ သာမန်ကလေးငယ် မဟုတ်ပါ။ ထိုသို့ဖွားမြင်ရခြင်းမှာ ထိုရည်ရွယ်ချက်ရှိ ထားသောကြောင့်ဖြစ်ပါသည်။

ထို့နောက် ကျွန်ုပ်တို့ ခေတ်ကာလတိုင်း၌ ဘုရားကို မြင်တွေ့ရပါသည်။ ဘုရားသခင်သည် သူ၏ကိုယ်ပိုင် ရွေးချယ်ခြင်း၊ ရှေးမဆွ က ရွေးချယ်ခဲ့ပါသည်။ သူ၏ပရောဖက်များကိုလည်း ခေတ်ကာလတိုင်း၌ ရွေးချယ်ခဲ့ပါသည်။ သဘာဝတရားများလည်း သူ၏ဆုံးဖြတ်ချက်အားဖြင့် တည်စေပါသည်။ လူ၏သဘာဝ၊ လူ၏တရားဟောခြင်း စတိုင်နဲ့ သူ၏အောင်မြင်ခြင်း ဆုကျေးဇူးတို့ကို တနေ့ကျရင် စိမ်ခေါ်ပြီး တွေ့ဆုံမည်ဖြစ်ပါ၏။ ထိုသူကို ဘုရားသခင်က စေလွှတ်ပါသည်။ သူ၏ကိုယ်ပိုင် ဆုံးဖြတ်ချက်အားဖြင့် ဖြစ်သည်။ နောက်ဆုံးသောညတွင် တရားဟောခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျိုးစေ့များ ဖြစ်ပါသည်။ ထိုခေတ်ကာ လအတွက် ဖြစ်သည်။ မော်လီကျူး (သို့) အလင်း၊အခြားသောအရာများ၊ကမ္ဘာမြေကြီးပေါ်၌ရှိနေပြီး ဖြစ်ပါသည်။

34 ၃၄။ သင့်ဖခင်၏ မျိုးစေ့သည် သင်ဖြစ်ပါသည်။ သို့တိုင်သင်၏ဖခင်မှာ သင်နှင့်မိတ်သဟာယဖွဲ့ခြင်း မရှိပါ။ သင်ထိုနေရာတွင် ရှိ၍ သင်မသိပါ။ သူလည်းမသိပါ။ သို့သော်လည်းသင်သည် ဖော်ပြခြင်းခံရ၍ သင်နှင့်သူမိတ်သဟာရဖွဲ့ရခွင့်ရပေမည်။ သင်သည် အသစ်တဖန် ပြန်လည်ဖွားမြင်ခြင်းဖြင့် ထာဝရအသက်ကိုရပါသည်။ ထိုအရာမှာ တခုတည်းသောထာဝရအသက်၏ ပုံစံပင်ဖြစ် ပါသည်။ ဘုရားသခင်၏ အသက်တာဖုံး Zoe (ဂရိစကားလုံး) လည်းဖြစ်၍ ထာဝရအသက်၏ တခုတည်းသော ပုံစံလည်းဖြစ်ပါ သည်။

သင်သည် ဘုရားသားတော်သို့မဟုတ် ဘုရားသမီးဖြစ်ပါက သင်သည်အချိန်လုံးဘုရား၌ တည်ရှိပါသည်။ သို့သော်လည်း ကိုယ်တော်ရှင်ကသင့်အားမျိုးစေ့ချသည့်နေရာနှင့် အချိန်ကိုသိနေကြပါသည်။ ယခုအခါတွင် သင်သည်သတ္တဝါ တခုဖြစ်လာပြီးဘုရားသားတော်ဖြစ်လာ၍ ဘုရားသခင်၏သားသို့မဟုတ် သမီးကိုဖော်ပြပြီး ဤခေတ်ကာလ၏ စိန်ခေါ်၍ စစ်မှန်၍ အသက်ရှင်တော်မူသော ဘုရားသခင်သတင်းစကားကို ဖော်ပြရန်ဖြစ်ပါသည်။ ကမ္ဘာကြီး၏အခြေခံအုတ်မြစ်မစမီကပင် သင် အတွက် ဆောင်ရွက်ပြီးသားဖြစ်ပါသည်။ ထိုနည်းဖြင့် သင့်အားမရွေးချယ်ပါက သင်မည်မျှပင်ပုဂ္ဂိုလ်တစ်ဦးဖြစ်ရန် ကြိုးစားပါစေ၊ မရပါ။ ရေမရှိဘဲသင်မည်ကဲ့သို့ သစ်မြစ်ထဲမှ အာဟာရကိုရယူနိုင်မည်နည်း။

35 ၃၅။ ထိုသို့ပြောရခြင်း၏ အကြောင်းရင်း ဖြစ်ပါသည်။ အမျိုးသမီးများသံတို့သည် အကြောင်းပြောသောကြောင့် ကျွန်တော်၏ သာသနာတော်ပျက်စီးသွားမည်ဟု သူတို့ဆိုကြသည်။ ဘုရားရှင်ဘိသိက်ပေးတော်မူသော သာသနာတော်မည်သို့ ပျက်စီးနိုင် ပါမည်ဟု သူတို့က ဆိုကြသည်။ ဘုရားရှင် ဘိသိက်ပေးတော်မူသော သာသနာတော် မည်သို့ပျက်စီးနိုင်ပါမည်နည်း။ ဝေး ပါသေးသည်။ လူတို့သည်ဘုရားသခင်၏ နှုတ်ကပတ်တော်မြတ်ကို ကြားနာရသောအခါ....ကလေးငယ်သည်မိခင်၏ သားအိမ်တွင် သန္ဓေတည်သောအခါ ဆဲလ်တခုမှာ အခြားတခုပေါ်တွင် ရပ်တည်၍နေပါသည်။ လူသား၏ ဆဲလ်တခုမဟုတ်ပါ။ နောက်တခုမှာ ခွေးဖြစ်၍ နောက်တခုမှာကြောင် ဖြစ်ပါသည်။ တိတိကျကျဖြောင့်ဖြောင့်မှန်မှန်ပင် လူသားဖြစ်ပါသည်။ လူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်မြတ်ကို သက်သေပြခြင်းသည်ထိုအချိန်နာရီအတွက်ပင် ဖြစ်ပါသည်။ သူကဘုရားသခင်၏ နှုတ်ကပတ်တော်မြတ်ကို အပြည့်အဝရယူထားသူဖြစ်ပါသည်။ ၎င်းအထဲသို့ ယုံကြည်ချက်ထည့်သွင်းခြင်းမပြုလုပ်ပါ။ လုံးဂရော ထွေးခြင်းမရှိဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်မြတ်ကို ကျွန်ုပ်တို့အကြားတွင် ဖော်ပြခြင်းပင်ဖြစ်ပါသည်။

36 ၃၆။ သမ္မာကျမ်းစာထဲတွင်ကြည့်ပါ။ ဤကြီးမားသောအရာများကို ဖော်ပြသည့်အခါ ကျွန်ုပ်တို့အသက်ရှင်နေထိုင်သော ခေတ်ကာလကို သိရပါသည်။ အသင်းတော်အတွက် တစုံတခုပြောင်းလဲရမည့် အချိန်သို့ရောက်သည့်အခါတိုင်း ဘုရားသခင်က ခေတ်ကာလတခုစီ၏အဆုံးရောက်သည့်အခါ ဂတိထားတော်မူသည့်အတိုင်းပြုလုပ်လေ့ရှိပါသည်။ လောကဆန်ခြင်းသည် အပြစ် ဖြစ်ပါသည်။ သမ္မာကျမ်းစာက 'သင်သည်လောကကြီးသို့ မဟုတ်လောကနှင့် ဆိုင်သောအရာများကို ချစ်လျှင် ဘုရားသခင်၏ မေတ္တာသည်သင့်အထဲ၌ မရှိသေးပေ။'

ယမန်နေ့ညက ကျွန်တော်သည် သိုးသူငယ်တည်းဟူသော ယဇ်ကောင်ကိုပူဇော်ခြင်းအကြောင်းပြောပြပါသည်။ ခုနစ်ရက်ဖြစ်ပြီး အသင်းတော်ကာလခုနစ်ကာလကို ကိုယ်စားပြုပါသည်။ လူများအကြားတွင်တဆေးမဲ့တွေးရပါသည်။ ခုနစ်ရက် အတွက် တဆေးမရှိပါ။ အဓိပ္ပာယ်မှာဘာမှရောထားခြင်းမရှိခြင်းကိုဆိုလိုပါသည်။ တခြားအရာများနှင့် တဆေးများရောထားခြင်း မရှိပါ။ လောကအရာများကျွန်တော်တို့နှင့် ရောစပ်ထားခြင်းမပြုလုပ်ရပါ။ ဘုရားသခင်၏ တဆေးမဲ့မုန့်ဖြစ်ရပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ပါသည်။ လုံးဂရောစပ်ပြစ်မှားခြင်းမရှိသည့်နှုတ်ကပတ်တော်ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ် တော်မှ ထွက်လာသောစကားလုံးတိုင်းအားဖြင့် လူသားသည်အသက်ရှင်ရပါသည်။

37 ၃၇။ ကျွန်ုပ်တို့၏ ဂိုဏ်းဂဏစံနစ်များ၊ ကွဲခြားချက်များစသည်တို့မှာ ကျွန်ုပ်တို့အထဲသို့ တဆေးထည့်ပေးသကဲ့သို့ ဖြစ်ပါ သည်။ ဤအရာ၊ ထိုအရာ၊ လောကအရာနှင့် ဖက်ရှင်စသည်တို့ဖြစ်ပါသည်။ နေရာတိုင်းတွင် ဟောလီဝုဒ်ဖြစ်နေပါသည်။ နောက်ဆုံးတွင် အင်္ဂလန်နိုင်ငံကဲ့သို့ဖြစ်၍ ခရစ်တော်အတွက် ခေါ်ဖိတ်ခြင်းမှာရှက်ဖွယ်ရာဖြစ်သွားပါသည်။

ကျွန်ုပ်တို့မှာ ဧဝံဂေလိတရားကို အပြည့်အဝဟောပြောရန် တာဝန်ရှိပါသည်။ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ထိုခေတ်ကာလအတွက် ဂတိတော်များကို အထောက်အထားခိုင်လုံစွာ ဖော်ပြချက်အရ ဘုရားဘုရား အလိုတော်ရှိကြောင်း အတိအကျပင် ဖြစ်ပါသည်။ အလိုတော်၏ ပြင်ပမှဖြစ်နေလျှင် သင်မည်မျှပင် ကြိုးစားစေကာမူ သင်သည်သာမာန် အသင်းသား သာဖြစ်နေပါ သည်။ ထာဝရအသက်မျိုးစေ့ သင့်အထဲတွင်မရှိပါက စစ်မှန်သော ဘုရားသခင်၏ သားသမီးများမဖြစ်နိုင်ကြပေ။

38 ၃၈။ ရွှေလင်းယုန်၏ ပုံစံကလေးကို ကျွန်ုပ်ပြောပါရစေ။ လယ်သမားသည် ကြက်မအောက်၌ရှိသော ရွှေလင်းယုန်ဥများကို ယူထားသည်။ ရွှေလင်းယုန်ဒ အသိုက်ထဲမှ ဥ(၂)လုံးကို ယူလေ၏။ တလုံးကို ဝပ်နေသော ကြက်မအောက်၌ ထားလေ၏။ ကြက်မကြီးသည် ကြက်ဥခွံများ ကွာကျသောအခါ ကြက်ကလေးများ ဝမ်းမြောက်စွာ ခုန်ထွက်လာပါသည်။ ရွှေလင်းယုန်သည် သူတို့စကား နားလည်ဘို့ရန်အတွက် နားထောင်ပါ၏။ အစာလည်း ရှာစားပါ၏။ ကြက်မကြီးသည် သူတို့၏ အသွင်အပြင်၊ ကလက်၊ ကလက် ဟုခေါ်သောအခါ သူနားမလည်ပါ။ တရက်ကျတော့ သူ့အမေ (သို့) မိခင်ပျံဝဲလာပါသည်။ တောင်ဖက်မှလာ၍ အမေဟု ခေါ်ပါသည်။ သူ့အမေကလည်း ငါ ဒီနေရာမှာ ဥ(၂)လုံး ဥထားပါတယ်။ အခြားဥက ဘယ်ရောက်သွားပါလိမ့်၊ သူပျံဝဲကြည့်တဲ့အခါ ကြက်မအိုကြီးကို တွေ့ရပါ၏။ ကြက်မအိုကြီးက အသံပြုပါသည်။ ရွှေလင်းယုန် ငှက်မကြီးသည် ရွှေလင်းယုန် ကလေးကို သင်ဟာ ကြက်ကလေး မဟုတ်ပါ။ ရွှေလင်းယုန်ပါ။ သူ့ကို အသံပြုတဲ့အခါမှာ သူသည် ထိုအချိန်မှစပြီး မိခင် ရွှေလင်းယုန်နှင့် စတင်နေရပါသည်။

39 ၃၉။ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ ယုံကြည်ချက်များ၊ အေးစက်လှသည့်ပုံမှန်ဘာသာရေး ပြုလုပ်ဆောင်ရွက်ချက်များ၏ ချုပ်ကိုင်မှုအောက်တွင်ကျရောက်နေပါက ဘုရားသားတော်အဖြစ် ဘိသိက်ပေးခြင်းခံရပြီး ဘုရားသခင်၏တန်ခိုးတော်ဖြင့် နှုတ်ကပတ်တော်ကို ဟောပြောပါက ဘုရားသခင်၏သက်သေ ရှိတော်မူခြင်း ဖြစ်ပါသည်။ သူသည် ရွှေလင်းယုန် ကဲ့သို့ဖြစ်နေပါ သည်။ သူ၏သဘာဝအားဖြင့် သူသည်နှုတ်ကပတ်တော်ကို ချစ်သောသဘောရှိပါသည်။ မည်သူမည်သို့ပင်ဆိုပါစေ နှုတ်ကပတ် တော် ဖော်ပြခြင်းဖြစ်ပါက သူသည်နှုတ်ကပတ်တော်ကို တွေ့မြင်ပါသည်။ သူသည် ရွှေလင်းယုန် ဖြစ်သဖြင့် သူပျံသန်း၍ ထိုနေ ရာသို့သွားပါသည်။

‘မေမေကျွန်တော် ဒီနေရာကနေဘယ်လိုထွက်ရမှာလဲ’ ဟုသူကမေးသည်။

‘တချက်ဘဲခုန်လိုက်ပါ။ ငါမင်းကိုဖမ်းလိုက်မယ်’ ဟုသူကပြန်ဖြေသည်။

သင်လုပ်ရမည့်အရာတခုတည်းမှာ တချက်တည်းခုန်လ်ိုက်ပါ။ ဘုရားသခင်ထံသို့ တချက်တည်း ခုန်လ်ိုက်ပါ။ ဂတိတခုသာပေး လိုက်ပါ။ ‘သခင်ယေရှုဘုရား ကိုယ်တော်ရှင်ကို ကျွန်တော်စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ပါသည်။ ဤအချိန် ကာလ၏ သတင်း စကားကို ကျွန်တော်ယုံကြည်ပါသည်။ မှန်ကန်သည်ကိုတွေ့ရပြီး ကျွန်တော်ကအတည်ပြုလုပ်ပါသည်။’ အားရပါးရ ခုန်လိုက်ပါ။ မေမေကဖမ်းထားလိုက်ပ့ါမည်။ မမှုပါနှင့်။ သင်သည် ရွှေလင်းယုန် ကလေးဖြစ်၍ သူမကသင့်ကိုအရဖမ်းယူ ပေလိမ့်မည်။

40 ၄၀။ ကျွန်တော်တို့သည် အသက်ရှင်နေထိုင်နေရသောအချိန်မှာ တမူထူးခြားသောအချိန် ဖြစ်ပါသည်။ သမ္မာကျမ်းစာတွင် ဖော်ပြသောအချိန်ပင်ဖြစ်ပါသည်။ ယုံကြည်သူများက ထိုအထောက်အထားကို တွေ့ရပါသည်။ ထိုအထောက် အထားမှာ ဘုရားသခင်သည်ထိုအထဲတွင် ရှိနေသည်ဟုဖော်ပြခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်၏ဂတိတော်ကို သိရှိစေခြင်းပင် ဖြစ်ပါသည်။ မျိုးစေ့မှာကျ၍ အပင်ပေါက်လာသောအခါသူတို့ကတွေ့မြင်ရပါသည်။ ယုံကြည်ခွင့်ရပါသည်။ အခြားသူများက မမြင်ရပါ။ သို့သော်လည်း သူတို့ကကြည့်ကြမည်ဖြစ်ပါသည်။

ကျွန်တော်သည် တနိုင်ငံလုံး အပြင်းအထန် ဟောပြောခဲ့ဘူးပါသည်။ ဆံတိုနှင့်အမျိုးသမီးများ မဖြစ်သင့်ပါ။ အမျိုး သမီးများ ဆံပင်ရှည်ထားသင့်ပါသည်။ သို့သော်လည်း ထူးခြားမှုမရှိပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း ဟောပြောခြင်း ၏ဖြစ်ပါသည်။ ‘ဘာမှအပြောင်းလဲမရှိပါ။’

41 ၄၁။ ညီအစ်ကိုတစ်ဦးက ပြောသည်မှာ ‘ဘရာသာဘရန်ဟမ်ပေါ်သို့ ကျွန်တော်လက်တင်ဆုတောင်းပေးပါမယ်။ ခင်ဗျား ကိုကျွန်တော်ချစ်ပါတယ် ခင်ဗျားရဲ့သာသနာလုပ်ငန်းကို ခင်ဗျားဖျက်ဆီးပစ်သလို ဖြစ်နေပါတယ်။ မိန်းမတွေကိုအဲဒီလို ပြောစရာ မလိုဘူး၊ ခင်ဗျားနဲ့မဆိုင်ဘူး သင်းအုပ်ဆရာတွေပြောပါရစေ။’

ကျွန်တော်က ‘သူတို့ယခုမပြောကြဘူး’

သူက ‘ခင်ဗျားအလုပ်မဟုတ်ပါဘူး လူနာတွေအသက်အတွက်သာခင်ဗျား ဆုတောင်းပေးပါ။’

ကျွန်တော် ‘ဒါဆိုရင်ဘယ်သူရဲ့ အလုပ်လဲ’ ကျွန်တော်ကိုရွေးချယ်ထားတာ ဧဝံဂေလိတရားဟောဖို့ဘဲ ဖြစ်တယ်။

သူ ‘ကျွန်တော်ခင်ဗျား အပေါ်လက်တင်ဆုတောင်းခွင့်ပေးပြီး အဲဒါတွေအားလုံးထုတ်ထုပစ်ဖို့ လုပ်မယ်။’

ကျွန်တော် ‘ ခင်ဗျားလဲကျွန်တော်ကို ခင်ဗျားအပေါ် လက်တင်ဆုတောင်းခွင့်ပေးမယ်ဆိုရင် ခင်ဗျား မျက်လုံးတွေကို ဖွင့်ဖို့ ကျွန်တော် ဆုတောင်းမယ် ၊ ဒါမှခင်ဗျား မျက်စိပွင့်လာမှာ။ ’

သူ ‘ သင်တို့ဟောပြောရန် လိုအပ်ပါသည်။’ လူများကသင်တို့အားအစေခံကျွန်အဖြစ်ယုံကြည့်ကြပါသည်။ဘုရားသ ခင်၏ ပရောဖက်ဖြစ်ပါသည်။ သင့်အနေနှင့် အမျိုးသမီးများအား သွန်သင်ပေးရန်လိုအပ်ပါသည်။ ကြီးမားသောဆုကျေးဇူးများ ရရှိ ပြီး ပရောဖက်ပြုနိုင်ရန်အတွက်လိုအပ်ပါသည်။

ကျွန်တော် သူတို့အား ( က၊ ခ၊ ဂ ) ကိုပင် အယုံအကြည် မရှိဘဲနှင့် မည်ကဲ့သို့ အက္ခရာ သချာ ၤကို သင်ပေးနိုင်ပါ မည်နည်း။

သာမာန်အလုပ်အကိုင်ကိုပင် မလုပ်ကိုင်နိုင်ပါက ဝိညာဉ်အရာများကို မည်ကဲ့သို့ လုပ်ကိုင်ပါမည်နည်း။ သဘာဂ ကျသော အရာများပင်ဖြစ်ပါသည်။ ရယ်ဖွယ်ကောင်းပါသည်။ ဇဝ်ဂေလိတရားပင်ဖြစ်ပါသည်။ ဇဝ်ဂေလိ သမ္မာတရားပင်ဖြစ် ပါသည်။

42 ၄၂။ ယနေ့ ကျွန်တော်တို့ တွေ့ရသည်မှာ များစွားသော သူတို့မှာ ထိုအရာများကို မယုံကြည်နိုင်ကြတော့ပါ။ ဝိညာဉ်တော်နှင့် ပြည့်ဝသော သူများပင်လျှင် ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်ဗိတ္တိဇံမှာ သင်၏ဝိညာဉ်နှင့် ဘာမှ မသက်ဆိုင်ပါ။ ထိုအရာမှာ ဗတ္တိဇံသက်သက်သာဖြစ်ပါသည်။ အတွင်းမှ ဝိညာဉ်သည် ဘုရားထံမှ လာရမည်ဖြစ်ပါသည်။ အပြင်သဏ္ဍာန်အားဖြင့် သင့်ထံတွင် အာရုံငါးပါး ရှိပါသည်။ လောကအိမ်နှင့် ဆက်နွယ်ရမည့် အာရုံ များဖြစ်ပါသည်။ အတွင်းပိုင်း သင့်ထံတွင် ဝိညာဉ်ရှိပါ သည်။ အာရုံငါးပါး ရှိပါသည်။ ဩတ္တပစိတ်နှင့် ချစ်ခြင်းမေတ္တာ ရှိပါသည်။ ဝိညာဉ်တော်နှင့်ဆိုင်သည့် အာရုံ ငါးပါး ဖြစ်ပါသည်။ ထိုဝိညာဉ်၌ သင်သည် အမှန်တကယ်စစ်မှန်သောဘုရားသခင်၏ ဝိညာဉ်တော်နှင့် ဗတ္တဇံ ခံယူနိုင်ပြီး ဝိညာဉ်ပျောက်ဆုံး လျက်ရှိနိုင်ပါသေးသည်။ ဝိညာဉ်သည် အသက်ရှင်လျှက်ရှိပါသည်။ ဘုရားသခင်၏ ဘိတ်သိတ်ပေးခြင်းခံရပါသည်။

သခင်ယေရှုက လူများစွာတို့သည် ငါ၏နာမ၌ ရောက်လာကြပြီး နတ်ဆိုးတို့ကိုနှင်ထုတ်သည်။ ကြီးမားသော အရာတို့ကို ပြုလုပ်သည်။ ပရောဖက်သည် ဘုရားသခင်၏ ကြီးမြတ်သော ဆုကျေးဇူးများကို ဆောင်ရွက်သည်ဟုဆိုပါသည်။ ထိုအရာများကို သခင်ယေရှုက ငါ့ထံမှ ထွက်သွားကြလော့။ သင်တို့ကိုငါမသိ။ ထိုကာလ၌ ထိုသို့ သောသူများစွာတို့ လာကြလိမ့်မည်ဟု ဆိုထားပါသည်။

43 ၄၃။ ကယာဖလည်း ပရောဖက်ပြုပါသည်။ သူသည် နတ်ဆိုးထံမှလာသူဖြစ်သည်။ ထိုခေတ်ကကြီးမြတ်လှသော ယဇ်ပရော ဟိတ်များမှာ နှိမ့်ချခြင်းရှိပြီး အဖက်ဖက်က ပြည့်စုံမှုရှိသောလည်း ဘုရားသခင်၏ နှုတ်ကပတ်တော်မြတ်ကို မတွေ့မြင် နိုင်ကြ တော့ပါ။

သူတို့ကို အဖွဲ့လိုက် ကျွန်တော်တို့ ဆွဲထုတ်နိုင်ပါသည်။ ဗာလမ်မှာမည်သို့ ဖြစ်ပါသနည်း။ ' ဘုရားသခင်သူ၏ စိတ်နှလုံး ကိုပြောင်းလဲလိုက်ပါသည်။ ' ဟုသင်က ဆိုသည်။ ဘုရားသခင်သည် သူ၏စိတ်နှလုံးကို ပြောင်းလဲခြင်း မရှိပါ။

ဗာလမ်သည် ပရောဖက်အဖြစ် ထွက်ခွာသွားသောအခါ သူကိုဘီးရှော့၊ တရားဟောဆရာစသည်ဖြင့် ခေါ်ကြသည်။ မည်သို့ပင် ခေါ်စေကာမူ သူသည် ကြီးမြတ်သောသူတစ်ဦးသာဖြစ်ပါသည်။ သို့သော်လည်းသူကဘုရားသခင်ကို တိုင်ပင်သောအခါ ဣသရေလကို သွားရောက်ကျိန်ဆဲရန် ဘုရားသခင်သဘောမတူပေ။ ဘုရားသခင်က သွားခွင့်မပေးပါ။

ထိုအခါသူတို့က ပို၍ကြီးမြတ်ပြီး ပညာတတ်သူများကို စေလွှတ်၍ တိုက်တွန်းစေသည်။ ဘာလမ်ကလည်း တဖန်ဘုရားသခင်ကို ဒုတိယအကြိမ်မေးမြန်းရန် မလိုပါ။ ဘုရားသခင်က ပထမဦးဆုံးပြောဆိုသောစကားကို အတည်ယူပါ။ ဘာမှထပ်၍ စောင့်စရာ မလိုတော့ပါ။

ရေဗက္ကာ မှာလည်း ဒုတိယအမိန့်တော်ကိုစောင့်စားမနေပါ။ သူတို့က သူမအား ' လိုက်မလား ' ဟုမေးကြပါ သည်။

'သူမဖြေပါစေ'

သူမက ' ကျမလိုက်ပါ့မည် ' ဟုဖြေဆိုပါသည်။ သူမသည် ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ပြည့်ဝလျက်ရှိပါ သည်။ သူမသည် သမ္မာကျမ်းစာ၏ ဘုရင်မတစ်ဦးအဖြစ်ရပ်တည်နေရပြီး သူမယုံကြည်သော သမ္မာတရားအတွက် လုံးဝခိုင်မာစွာ ရပ်တည်ထားပါ သည်။

44 ၄၄။ ယခုအခါတွင် ဗာလမ်အား ကျွန်တော်တို့ရှာဖွေတွေ့ရှိရပါသည်။ သူသည် ထွက်သွားပြီး လူများကိုကြည့်သည်။ ' ခဏ စောင့်ပါ ' ဤသူများသည် ပျံကြဲနေသော သူများဖြစ်ပါသည်။ တဆူတည်းသော ဘုရားသခင်ကိုသာ ကျွန်ုပ်တို့အားလုံး ယုံကြည်ကြသည်။

မှန်ကန်ပါသည်။ သူတို့အားလုံး တဆူတည်းသော ယေဟောဝါဘုရားသခင်ကို ကိုးကွယ်ကြပါသည်။ ဗာလမ်၏ ပူဇော်ဆက် ကပ်မှုကိုကြည့်ပါ။ ယဇ်ပလ္လင်ခုနှစ်ခုဖြစ်ပါသည်။ ဘုရားသခင်သည် ပြတ်သားသောနံပါတ်ဖြစ်သည်။ အသင်းတော် ခုနှစ်ပါး ဖြစ်သည်။ နွားခုနှစ်ကောင်ရှိသည်။ ဘုရားသခင်ကြွလာတော်မူမည့်အကြောင်းကိုပြောပါသည်။ မောရှေကဲ့သို့ပင် သူသည် အခြေခံကျလုပါသည်။ ဘုရားသခင် ဖော်ပြခြင်း အလျှင်းမရှိပါ။ သူတို့နှစ်ဦးစလုံးမှာ ပရောဖက်များ ဖြစ်ကြပါသည်။

မောရှေ၏သာသနာ ပြုခြင်း ခေတ်ကာလက မီးတိုင်တည်းဟူသော အံ့ဩဖွယ်ရာ နိမတ်လက္ခဏာ ရှိခဲ့ပါသည်။ အနာရောဂါငြိမ်း စေခြင်း၊ အံ့ဖွယ်နမိတ်လက္ခဏာများ၊ အသံတော်ကြားရခြင်း စသည်တို့ရှိပါသည်။ အသက်ရှင်တော်မူသော ဘုရားသခင်ရှိတော် မူခြင်း၏ နိမတ်လက္ခဏာပင်ဖြစ်ပါသည်။

အခြေခံအားဖြင့် သူတို့နှစ်ဦးစလုံး မှန်ကန်ကြပါသည်။ ဗာလမ်က လူများကို သွေးဆောင်ရန်ကြိုးစားပြီး သူတို့ ကို စည်းရုံးပါသည်။ ဘယ်အချိန်ကဖြစ်ပါသနည်း။ ဂတိထားတော်မူရာနေရာသို့မရောက်မီကဖြစ်သည်။ နောက်တရက်နှစ်ရက် ကြာသောအခါ ဂတိထားတော်မူရာပြည်သို့ ရောက်လာပါတော့သည်။

45 ၄၅။ အသင်းတော်များကို Ecymenical council ကလှည့်ဖျားစည်းရုံးလိုက်ပါပြီ။ 'သင်တို့သည် တဖွဲတည်း ဖြစ်သည်။ ' ဟုသူတို့က ဆိုသည်။ တကယ်တမ်းတဖွဲ့တည်း မဟုတ်ပါ။ ထိုအထဲမှ ထွက်လာ၍ သီးခြားခွဲနေပါသည်။ မှန်ပါသည်။ ကျွန်တော် တို့မှာ ဝေးနိုင်သမျှဝေးဝေးရှောင်ရမည့်အရာဖြစ်ပါသည်။

ဗာလမ်ကပြောသည်မှာ ' ကျွန်ုပ်တို့၏ သားသမီးများ အတူတကွလက်ထပ်ပေါင်းသင်းခွင့်ပြုပါ။ တဆူတည်း သောဘုရားကို ကျွန်တော်တို့ ယုံကြည်ချက်ခြင်းတူပါသည်။ ' ဟုဆိုပါသည်။

သူတို့ သဘောတူညီမှု မရှိလျှင် နှစ်ဦးသဘောတူ၍ နှစ်ယောက်မည်ကဲ့သို့ တွဲလျှောက်ပါမည်နည်း။ ဘုရားသခင်၏ နှုတ်ကပတ် တော်ကို

လက်ခံခြင်းမရှိပါက မည်ကဲ့သို့ သင်သည် ယုံကြည်ချက်များကို မည်ကဲ့သို့ ပေါင်းစပ်၍ ရပ်တည်နိုင်ပါမည်နည်း။ မရပ်တည်နိုင်ပါ။ ဘယ်နည်းနှင့်မျှမလုပ်ပါ။ တဆေးနှင့် တဆေးမဲ့တိုကို ပေါင်းစပ်၍ မရပါ။ ဆီနှင့်ရေသည် ရောစပ်ခြင်းမရှိပါ။ အမှောင်နှင့်အလင်းလည်း ပေါင်းစပ်၍မရပါ။ အလင်းမှာတန်ခိုးကြီးလှပါသည်။ အမှောင်ကိုခွင်းသွားနိုင်ပါသည်။

46 ၄၆။ ကျွန်တော်တို့အတူတကွ ရောနှောပေါင်းစပ်၍မရပါ။ ဤလောကကြီး၏ အပြစ်ကို ကျွန်တော် တို့အတူတကွ ပေါင်းစပ်၍ မရပါ။ အသင်းတော်နှင့်ဂိုဏ်းဂဏာကို အတူတကွ ပေါင်းစပ်၍ မရပါ။ အသင်းတော်နှင့်ယုံကြည်ချက်ကိုလည်း ရောယှက်၍ မရပါ။ လောကအရာနှင့် ဇဝ်ဂေလိတရားကိုလည်း ရောယှက်၍မရပါ။ ဘုရားသခင်က ထိုနေရာမှာ ထွက်လာပြီ သီးသန့်နေဖို့ရန်အ တွက်ပြောပါသည်။ ‘ငါကိုယ်တိုင် သင်တို့ကို လက်ခံမည်။’ သင်တိုသည် ငါ၏သားသမီးများ ဖြစ်ကြရမည်။ ငါသည် သင်တို့၏ ဘုရားဖြစ်မည်။ ‘ဟုဆိုထားပါသည်။ ဤအရာများကို ဖော်ပြခြင်းမရှိဘဲနှင့် ကျွန်ုပ်တို့ ပြုလုပ်နိုင်မည်မဟုတ်ပါ။ ဤအချိန်နာရီ အတွက် ဘုရားသခင်၏ နှုတ်ကပတ်တော်မှာလည်း သက်သေပြရမည့် အရာပင်ဖြစ်ပါသည်။ ကိုယ်တော်ရှင် လျှောက်သည့် လမ်းကို လျှောက်ရပါမည်။

47 ၄၇။ လူသား၏ သတင်းစကားပျောက်ကွယ်သွားခြင်း အကြောင်းရင်းဖြစ်ပါသည်။ ဝက်စလီ၏ သတင်းစကားမည်သို့ ပျောက်ကွယ်ရခြင်း၏ အကြောင်းပင်ဖြစ်ပါသည်။ ဝက်စလီယန် အသင်းတော်က ပင်တေကုတ္တများကဲ့သို့ပင်ဖြစ်ပါသည်။ ပင်တေကုတ္တေ များက သတိုးသမီးဖြစ်ပြီ တဖန်လောကအရာများကို ပြန်၍စွဲလန်းပါက ကယ်တင်ခြင်းဆုံးရှုံးရပါမည်။ သင်သည် သစ်ကိုင်းသက် သက်ဖြစ်၍ အခွံကဲ့သို့ဖြစ်ပြီး မီးရှို့ ဖျက်ဆီးခြင်း ခံရပေမည်။ သူ၏ ဂျုံများကိုသိမ်း၍ ကျီထဲ ထည့်ပေမည်။ သို့သော်လည်း အချင်းအသုံးမဝင်သောအရာများကို မီးရှို့ ဖျက်ဆီးပစ်မည်။ အသက်ရှင်ခဲ့ သော်လည်း နောက်ပိုင်းတွင် ညှိုးနွမ်းခြောက်သွေ့ သွားပါသည်။ မိမိ၏ အနေအထားအပြည် အဝပုံစံသို့ ရောက်သွားသောအခါ တစုံတခုသော အတိုင်းအတာအထိ ပေါ်ထွက်လာ သည်ကို တွေ့ရပါသည်။

အသင်းတော်သည် ဖြောင့်မတ်ခြင်း။ သန့်ရှင်းခြင်း၊ ဝိညာဉ်တော်ဗတ္တိဇံ အားဖြင့် (ဆုတောင်းများပြန်လည်သိမ်း ဆည်းခြင်း) ခရစ်တော်၏ ပုံရိပ် အသွင်သဏ္ဍာန် အတိုင်းပြန်လည် ဖြစ်ပေါ်လာပါမည်။ ခရစ်တော်သည် သတိုးသားဖြစ်၍ အသင်းတော်သည် သတိုးသမီးဖြစ်ပါသည်။ သတိုးသမီးမှာ သတိုးသား၏ တစိတ်တဒေသဖြစ်ပါသည်။ နှုတ်ကပတ်တော် အသင်းတော်ဖြစ်၍ သိစေသော နှုတ်ကပတ်တော်ဖြစ်သည်။ သက်သေခံတော်မူသော နှုတ်ကပတ်တော်လည်းဖြစ်ပါသည်။

48 ၄၈။ ဗာလမ်မှာ ကွာခြားချက်ကို မတွေ့မမြင်နိုင်ပါ။ များစွာသောသူများကလည်း မတွေ့မမြင်နိုင်ပါ။ သို့သော်လည်း သူ၏ရှေ့ တွင်သက်သေ အဖြစ် ရှိနိုင်ပါသေးသည်။

ဖာရောဘုရင်လည်းမတွေ့မမြင်နိုင်ပါ။ သို့သော်လည်း သူ၏ရှေ့တွင်သက်သေအဖြစ် ရှိနိုင်ပါသေးသည်။

ဒါသန်သည် မတွေ့မမြင်ရပါ။ ထိုနေရာမှ ဒါသန်ထွက်လာပြီး မောရှေကိုတွေ့မြင်သိရှိရပါသည်။ သင်သည် အုပ်စုထဲတွင် တဦးတည်းသောသူဖြစ်နေပါသည်။ ပရိသတ်အားလုံးမှာ သန့်ရှင်းမြင့်မြတ်သူများသာဖြစ်ကြပါသည်ဟု သူကဆို သည်။ ဘုရားသခင်က ထိုသို့ဘယ်သောအခါမှ မပြုလုပ်ကြပါ။ ဤထက်မက သူကသိသင့်ပါသည်။ ပရိသတ်အားလုံးမှာ သန့်ရှင်းဖြောင့်မတ်ကြပါသည်။

မောရှေက ဘုရားသခင်သည် သူ့အားထိုအတွက်စေလွှတ်ခြင်းဖြစ်ကြောင်း သိကြပါသည်။ သူက ‘ကိုယ်တော်’ ဟုသာ တခွန်းထဲခေါ်နိုင်ပြီး တဲတော်အဝတွင်လဲကျသွားပါသည်။

သူနှင့်ဝေးဝေးနေပါဟု ဘုရားသခင်ကပြောပြီးနောက် သူသည်မြေပြိုခြင်းခံရပါသည်။

49 ၄၉။ ကာလေရေလကျူးလွန်ခဲ့သောအပြစ်ကို ကျွန်တော်မှတ်မိပါသည်။ (ဗာလမ်က ‘သူတို့အားလုံးအတူတူပင် ဖြစ်သည်။’ ဟုဆိုကြပါသည်။)ထိုအပြစ်ကြောင့်ကာလေရေလမှာ အပြစ်လွတ်ခွင့်မရပါ။ အနာဂတ်အတွက် အံ့သြဖွယ်ရာအကြောင်း ကိုပြောပြ လိုပါသည်။ အဲဂုတ္တုပြည်မှ ထွက်ခွာလာခဲ့စဉ်က လူဦးရေ(၂)သန်းခန့်ရှိပြီး ဂတိထားတော်မူရာပြည်သို့ ရောက်သောအခါ နှစ်ဦးသာကျန်ပါတော့သည်။ သူတို့အားလုံး အစားအသောက် အမျိုးအစားတူညီသည်။ ဝိညာဉ်တော်၌ ကခုန်ကြသည်။ အားလုံး ဘုံစနစ်ဖြင့် ခွဲဝေသုံးစွဲကြသည်။ ခွဲခွာရန်အချိန်ရောက်သောအခါ နှုတ်ကပတ်တော်ခွဲခြားရေးကိုပြုလုပ်ပါသည်။ ယနေ့လည်း ထိုနည်းငှင်းပင်ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကခွဲခြားရေးကို ပြုလုပ်ပါသည်။ အချိန်တန်သောအခါ ကျွန်ုပ်တို့ဤ နေရာတွင်ရှိ သည်ဟု သူတို့ကဆိုကြပါသည်။

သမ္မာကျမ်းစာကို ကြည့်မယ်ဆိုပါက ‘ခရစ်တော်၏ အယောင်ကိုဆောင်သောသူနှင့် မိစ္ဆာပရောဖက်တို့သည် ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားနိုင်သလောက်အောင်ကြီးမားစွာသော နိမိတ်လက္ခဏာ အံ့ဖွယ်သော အမှုတို့ကိုပြကြလိမ့်မည်။’ ဟုဆိုထားသည်ကိုတွေ့ရပါသည်။ ဂျုံပင်အဖတ်မှာ ဂျုံစေ့နှင့်အလွန်တူလှပါသည်။ တူလွန်းလှသဖြင့် ရွေးချယ်ထားသောသူများကို ဝင်လျှင်လှည့်ဖြားသွားနိုင်ပါသည်။ သင်သည် ဂိုဏ်းဂဏာထဲရောက်သွား၍ ဂိုဏ်းဂဏာအုပ်ချုပ်မှု အောက်တွင် တဖြေးဖြေးခြောက်သွေ့၍ သေသွားနိုင်ပါသည်။ သို့သော်လည်း ဂျုံစေ့အစစ်မှာမူ ဆက်လက်ရှင်သန် ဖွံ့ဖြိုးကြီးထွား ပွားများလာပါသည်။ အတိအကျပင်မှန်ကန်ပါသည်။ ၎င်းသည်သယ်ဆောင်ပေးသူသာ ဖြစ်သည်။ ဂျုံအစစ်မဟုတ်ပါ။

ဂျုံနှံကလေးများ ဆက်လက်၍ ကြီးထွားသွားနေပါသည်။ ပြန်ရှင်သောအခါ ဂျုံ၏ခွန်အားအားလုံးတို့မှာဂျုံထဲသို့ ဝင်သွားပါမည်။ ကြီးမားလှသော ရှင်ပြန်ထမြောက်ခြင်းတွင် ဦးစီးခေါင်းဆောင် ဖြစ်လာရပေမည်။ ဘယ်သောအခါမှ ခွင့်မလွှတ်နိုင်ပါ။

50 ၅၀။ အဖိုဗီဇပိုးနှင့် အမဗီဇပိုးနှစ်မျိုးတို့အတူရောယှက်၍ စမ်းသပ်ဖန်ပြွန်များနှင့် သားဖောက်သောအခါအဖိုဗီဇပိုင်းကို ထုတ်လုပ်သောအခါ သုတ်ပိုးကောင်ကလေးသန်းမြောက်များစွာ ထွက်ပေါ်လာသည်ကို တွေ့ရပါသည်။ အမဗီဇပိုးကို ထုတ် လိုက်သောအခါ မျိုးဥသန်းပေါင်းများစွာ ထွက်ပေါ်လာသည်ကို တွေ့ရပါသည်။ သို့သော်လည်း တခုသောမျိုးအောင်သည်ကို သင်သိပါသလား။

သန်းပေါင်းများစွာသော ပိုးကလေးများအကြားတွင် တခုသာမျိုးအောင်၍ ကျန်အားလုံးသေဆုံးကုန်ပါသည်။ ၎င်းအထဲမှတခုသာ အသက်ဖြစ်လာရန် ဘိသိက်ပေးခြင်းခံရသည်။ ကျန်သောအရာများမှာ ဘိသိက်ပေးခြင်းမခံရပါ။ တနေရာ ထဲမှ ထွက်ပေါ်လာခြင်း ဖြစ်၍ သန်းပေါင်းများစွာထဲမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ခရစ်ယာန်သန်းပေါင်းငါးရာခန့် ရှိသည်ဟုဆိုကြပါစို့။ ယနေ့ညပင်အသင်းတော် ရုတ်သိမ်းခြင်း ကာလရောက် လာပါက လူပေါင်းငါးရာခန့်သာ ကျန်ပေမည်။ လူပေါင်းများစွာ ပျောက်သွားသဖြင့် ဘာကြောင့်နည်းဟု ကျွန်တော် တို့စဉ်းစား စရာဖြစ်လာပါသည်။ သတိုးသမီးမှာ ချီဆောင်ခြင်းခံရသဖြင့် ထိုအရာအားလုံးအတွက် ကျွန်တော်တို့စဉ်းစားမိပါသည်။ အချို့တို့က တရားဟောနေကြမည်ဖြစ်ပြီး အကြောင်းပြချက်အမျိုးမျိုးပေးကြပေမည်။ ဘယ်ကဲ့သို့ဖြစ်မည်ကို ကျွန်တော်မသိပါ။ လွယ်ကူစွာဖြစ်ပေါ်လာနိုင်ပါသည်။

51 ၅၁။ ကောရမည်ကဲ့သို့ မမြင်နိုင်သနည်း။ ဒါသန်လည်း ဘာကြောင့်မမြင်နိုင်ရပါသနည်း။

အာဟပ်မင်းက ဘာကြောင့် မတွေ့မြင်ရပါသနည်း။ ယောရှဖက်သည် အာဟပ်မင်းထံသို့ ရောက်သွားသောအခါ သူကပြောပါ သည်။ ' အာဟပ်ကျွန်တော်တို့ ဒုက္ခတွေ့နေကြပြီးဖြစ်ပါသည်။ ဘုရားသခင်က ကျွန်တော်တို့အား ဤမြေကို ပေးသည်ကို သင်သိပါသလား။ ယောရှုက ၎င်းအရာကို ခွဲခြားထားပါသည်။ ရှုရိလူများ ယူထားသော နေရာသည် ကျွန်တော်တို့၏ မြေနေရာ မဟုတ်ကြောင်း သင်သိပါသလား။' ' သိပါသည်။ '

ကျွန်တော်တို့၏ ကလေးများမှာ အစာငတ်မွတ်၍ ဆာလောင်လျက်ရှိကြပါသည်။ ရှုရိလူများ (ကျွန်တော်တို့၏ရန် သူ) သည်သူတို့၏ ကလေးများကို ပြန်စားကြသည်။ ကျွန်တော်တို့စားရမည့် ဂျုံများဖြင့် သူတို့၏ ဝမ်းဗိုက်များကို ဖြည့်ကြသည်။ သမ္မာကျမ်းစာအားဖြင့် မှန်ကန်ပါသည်။

တခါတရံ ဒုစရိုက်လွှမ်းမိုးနေသော လူကောင်းများကိုလည်း မကောင်းမှုများ လွှမ်းမိုးတက်ပါသည်။ အသင်းတော် ကို သေချာစွာ လွှမ်းမိုးတတ်ပါသည်။ အသင်းတော်ကို သေချာစွာ အနီးကပ် လေ့လာပါ။

52 ၅၂။ ယောရှဖက်မှာ ဘာသာတရားကိုင်ရှိုင်းသူကြီးဖြစ်ပါသည်။ ယောရှဖက်မှာ အလွန်ဘာသာတရား ကိုင်းရှိုင်းသူဖြစ်သော် လည်း သူက 'ကျွန်တော်တို့အားလုံး ကျွန်တော်တို့၏ ဘုရားကျောင်း ပေါ်သို့ တတ်သွားကြပါစို့။ ကျွန်တော်တို့ အားလုံးမှာ တူညီမှု ရှိကြပါသည်။' သို့သော်လည်း တကယ်တမ်းမှာ တူညီခြင်း မရှိကြပါ။ 'ငါတို့ဘုရားကျောင်းသည် သင်တို့ ဘုရားကျောင်း ပင် ဖြစ်ပါသည်။' ငါတို့ လူများလည်း သင်တို့လူများပင် ဖြစ်ပါသည်။ 'ငါတို့သွားကြမည်' ဟု သူကဆိုသည်။ 'သို့သော်လည်း ပထမဆုံး ကိုယ်တော်ကို တိုင်ပင်ကြပါစို့'

ထိုကြောင့် သူကပြောတယ်။ 'အို အာဟပ် ကျွန်တော်တို့ကို ထိုသို့ စဉ်းစားမည် မှာ မလွဲပါ။'

'ဘုရားသခင်၏ ပရောဖက် ထိုနေရာတွင် ရှိပါသလား'

ပရောဖက်ကျောင်းသားများ ပြည့်နေသော ကျောင်းတကျောင်း ရှိပါသည်။ လေးရာခန့်ရှိ၍ အထူးချွန်ဆုံး သောသူများဖြစ်ကြသည်။ သူတို့အားလုံး ph. D, L,L.D.., ထပ်ဆင့် L.D ဘွဲ့များရကြပါသည်။ သူတို့သည် ပရောဖက်ကျောင်းမှ ဟောဖြဲပရောဖက်များ ဖြစ်ကြပါသည်။

'သူတို့ကို ခေါ်ခဲ့ပါ။' သူတို့ဘာပြောမည်ကို နားထောင်ကြပါစို့။

53 ၅၃။ သူသည် ဇေဒီကဲ zedekiah (ခေါင်းဆောင်ကြီး)ဖြစ်၍ ဝိညာဉ်တော် မှုတ်သွင်းခြင်းခံရသူဖြစ်ပါသည်။ တိတိကျကျ မှန်မှန်ကန်ကန်ပင် မှုတ်သွင်းခြင်း ခံရသောသူများဖြစ်ကြပါသည်။ သူထွက်လာပြီ သံဂျိုကြီး နှစ်ခုပြုလုပ်ပါသည်။သူက 'ကိုယ်တော်ရှင် မိန်တော်မူသည်မှာ သင်တို့သည် ဤဂျိုကြီးများကို ယူ၍ ဆီးရီးယားတို့ကို ဤနိုင်ငံ ထဲမှ နှင်ထုတ်မည်။' ဟုဆိုပါ သည်။

ကျန်လူများအားလုံးကလည်း ပရောဖက်ပြုကြသည်။ အားလုံးတယောက်မှမကျန်၊ ကျောင်းတကျောင်းလုံး၊ တသဘောတည်း ဝန်ခံကြပါသည်။

ဟာဟပ်မင်းကလည်း မေးလိုသည်။

ယောရှဖတ်မှာ ဝိညာဉ်တော်လမ်းပြမှုကို ခံယူသူဖြစ်သဖြင့် လုံးဂဝိညာဉ်ရေးရာ ခန်းခြောက်နေသူတစ်ဦးမဟုတ်ပါ။ 'တခြား ကျွန်တော်တို့ ဆွေးနွေးမေးမြန်းရမည့်သူမရှိတော့ဘူးလား' ဟုမေးသည်။

'အားလုံးက တသဘောတည်းဖြစ်နေကြလျှင် သင်က မည်သူကို ထပ်မံ၍ တိုင်ပင်ဆွေးနွေးလိုပြန်သေးသနည်း။'

သို့သော်လည်း သူက 'ဒါပင်မဲ့လည်းတယောက်မရှိတော့ဘူးလား' ဟုထပ်မံ၍ စောဒကတတ်သည်။

'ရှိပါတယ် အင်မလာ၏ သားမိက္ခာရှိပါတယ်။ ဒါပင်မဲ့သူကို ကျွန်တော် မုန်းတယ်။ သူက ကျွန်တော်တို့ကို အမြဲတိုင်း ကျိန်ဆဲနေတာဘဲ။ ကျွန်တော်ကို ကောင်းကြောင်း မပြောဘူး။သူကို ကျွန်တော် မုန်းတယ်။'

'သူ့ကို ခေါ်သွားစမ်းပါ။'

54 ၅၄။ 'သူသည် အင်မလာ၏ သားဖြစ်သူထံသွားပါသည်။' ဘာသာရေးခေါင်းဆောင်ကြီးများက 'သင်တို့ အဖွဲ့အစည်း ထဲသို့ ပြန်ဝင်မလာဘူးလား' ဟုမေးသည်။

ဖြစ်ပုံက ဘုရားကျောင်းထဲတွင် သူတို့ကြိုးကိုင်၍ မရသော သူတစ်ဦးရှိနေပါသည်။ ဘုရားသခင်၏ လက်တော်က သူ့အပေါ် သက်ရောက်လျှက် ရှိပါသည်။ ဘုရားသခင်၏ သမ္မာတရားကို သူက ရောင်ပြန်ဟပ်စေပါသည်။ 'ငါသွားမည်' ဒါပေမဲ့ ဘုရားသခင်က ပြောခိုင်းတာကိုဘဲ ငါပြောမယ်ဟု သူကဆိုသည်။ သူသည် ဘုရားသခင်၏ လူဖြစ်သည်။ သူက 'ညဘက်အချိန်ပေးပါ' ဟုဆိုသည်။ ညရောက်လာသောအခါ ကိုယ်တော်က သူ့ကို စကားပြောပါသည်။ နောက်တနေ့ မနက်တွင် သူထွက် လာပါသည်။

သူက 'တောင်ပေါ်သို့ တတ်သွား၍ကြည့်သောအခါ ဣသရေလမှာ သိုးထိန်းမရှိသော သိုးများကဲ့သို့ ပြန်ကျဲနေသည်ကို ငါတွေ့၏' ဟုဆိုသည်။

'အဲဒီ အကြောင်းနှင့် ပတ်သက်လို့ ငါ့မင်းကို ဘာပြောသလဲ။ မှတ်မိရဲ့လား' ဟုဆိုသောအခါ။

55 ၅၅။ ဘာသာရေးခေါင်းဆောင်ကြီးက ထွက်လာပြီ သူ၏ပါးစပ်ကို ရိုက်လိုက်သည်။ ဘုရားသခင်၏ ဝိညာဉ်တော် ဘယ်လမ်းက သွားပါသနည်း။ ဝိညာဉ်တော် ငါ၌ရှိသည်ကို ငါသိပါသည်။ ဝိညာဉ်တော်၌ငါ ကခုန်ခဲ့ပါသည်။ ဝိညာဉ်တော် ငါ့အပေါ်မှာ သက်ရောက်သည်။ ဘယ်လမ်းက သွားနေပါသနည်း။

အင်မလာသည် ဘုရားသားတော်ဖြစ်ပြီး စစ်မှန်သော ပရောဖက်ဖြစ်သဖြင့် သူ၏ ရူပါရုံကို သူသည် နှုတ်ကပတ်တော်ဖြင့် မဟုတ်ပါက မှားယွင်းမှုရှိပါသည်။ ထိုအချိန်နာရီ အတွက် နှုတ်ကပတ်တော် ဖြစ်ပါသည်။ သမ္မာကျမ်းစာ အရ နယ်မြေကို သူတို့ပိုင်ဆိုင်ပါသည်။ အားလုံးမှန်ကန်ပုံပေါ်သော်လည်း တခုတည်းသာ ပြောစရာ ရှိနေပါသည်။

စကားလုံးတလုံးတည်းသာ အားလုံးကို ဖျက်စီးစေခြင်းဖြစ်ပါသည်။ ဧဝသည် ဘုရားသခင်၏ စကားတစ်လုံးကိုသာ မယုံကြည်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာ အစအဦးတွင် စကားတစ်လုံးထဲကသာ ဒုက္ခရောက်စေခြင်းဖြစ်ပါသည်။ သခင်ယေရှုက လူသည် ဘုရားသခင် မိန့်တော်မူသည် စကားလုံးတိုင်းဖြင့် အသက်ရှင်ရမည်ဟု ဆိုထားပါသည်။ သမ္မာကျမ်းစာ အဆုံးပိုင်း တွင်လည်း နှုတ်ကပတ်တော်ကို စာလုံးတလုံး နုတ်ယူခြင်း၊ ပေါင်းထည့်ခြင်း မပြုလုပ်ရဟု ဆိုထားပါသည်။

56 ၅၆။ ဧဝံဂေလိတရား၏ တစိတ်တပိုင်းမဟုတ်ပါ။ မက်သဒစ်၊ နှစ်ခြင်း၊ ပရက်စီပတီးယာန်းတို့တွင် တစိတ်တပိုင်းစီ ရှိကြပါသည်။ ကတ်သလစ်၊ ယေဟောဝါသက်သေခံ စသည်တို့တွင်လည်း တစိတ်တပိုင်းလောက် ရှိကြပါသည်။

နှုတ်ကပတ်တော်တခုလုံး အားလုံးအချိန်နာရီနှင့် သက်ဆိုင်သောအကြောင်းအရာသည် အရေးကြီးပါသည်။ ဘုရားသခင်ဘိသိတ် ပေးတော်မူသော ပရောဖက်က ရပ်တည်၍ ပြောမှသာ ဖြစ်နိုင်ပါသည်။ ကျွန်တော်တို့ မပြောနိုင်ပါ။ အတည်ပြု၍ သူသည် မှန်ကန် ကြောင်း သက်သေပြနိုင်ပါသည်။ လူများအကြားတွင် သူက လှစ်ကနဲ ဖြတ်သွားပေမဲ့လည်းမည်သူမှ သတိမပြုမိကြဘဲ ဖြစ်တတ်ပါသည်။

ကတ်သလစ်တို့က joan of Arc ကိုစုန်းမဟုစွပ်စွဲပြီး မီးရှို့ခဲ့ကြသည်။ နောက်နှစ်ပေါင်း နှစ်ရာခန့်ကြာသောအခါ ဘုန်းတော်ကြီး၏ အလောင်းများကို ပြန်လည်တူးဖော်၍ မြစ်ထဲပစ်ချကြသည်။ Saint Patrick နှင့်တကွ အခြားသော သူများကို သင်တို့မသိကြပါ။

ဘုရားရှင် အမူပြု၍ သင်တို့မသိလိုက်ပါ။ ဘုရားရှင် သင့်ဘေးမှာ လှစ်ကနဲဖြတ်သွားပြီး သူ၏ သတိုးသမီးကို အထက်သို့ ချီ ဆောင်သွားသည်။ လူအများ၏ အလယ်မှာ ဦးယူသွားခြင်းမျိုးပင်ဖြစ်ပါသည်။

57 ၅၇။ ဘုရားသခင်က သူ့ရှေ့ရှိစစ်မှန်သော ပရောဖက်ကို မိန့်တော်မူကြောင်းတွေ့ ရပါသည်။ ဘာမိန့်တော်မူပါ သနည်း။ အာဟပ်သည် ဖြောင့်မတ်ခြင်း၊ သို့မဟုတ်ဖြောင့်မတ်သောအသွေးကို သွန်းသောကြောင့် ခွေးများက အာဟပ်နှင့် ယေဇဗေလ၏ သွေးကိုရက်သွားမည်။ ဘုရားသခင်မိန့်တော်မူသည့်အတိုင်း အတိအကျဖြစ်လာပါသည်။ မကောင်းမှုက ၎င်းကို ဆန့်ကျင်လျှက်ဖြစ်လာလျှင် ပရောဖက်ကဘာကြောင့် အကောင်းဖြစ်စေရန် ပရောဖက်ပြုနိုင်ပါတော့မည်နည်း။

ဤလောဒိကိအသင်းတော်ကာလကို ဘုရားသခင်က ဆန့်ကျင်ပြောကြားနေလျှင် ကျွန်တော်က ကောင်းသောအရာများမည်သို့ ပြောကြားနိုင်ပါမည်နည်း။ သင်သည်အဝတ်ချည်းစည်းဖြစ်၍ စိတ်ပျက်ဝမ်းနည်းဖွယ်ရာ ကောင်းသည်။ 'ငါသည်ချမ်းသာသည်။ မက်သဒစ်၊ နှစ်ခြင်း၊ ပရက်စပီတီးရီးယန်းစသည့် ဂိုဏ်းဂဏများရှိသည်။ ငါမှာဒါရှိတယ်၊ ဟိုဟာရှိတယ်၊ အကောင်းဆုံးရှိတယ်။' ဟုဆိုသည်။ မှန်ပါသည်။ သင်၌အဝတ်အချည်းစည်းရှိခြင်းစိတ်ပျက်ဖွယ်ဖြစ်၍ ဘုရားသခင်က စစ်မှန်သော အရာများကို ဖော်ပြလျှက်ရှိပါသည်။ အချိန်မနှောင်းမီ ယုံကြည်ပါ။

58 ၅၈။ ကိုယ်တော်ရှင်သည် သူ့အားပါးစပ်တွင် မှုတ်သွင်းတော်မူသောကြောင့် ကျွန်တော်တို့တွေ့မြင်သိရှိရပါသည်။ 'ဘုရားသခင်၏ ဝိညာဉ်တော်သည် မည်သည့်နည်းလမ်းဖြင့်ပြုလုပ်ပါသနည်း။' ဟုဆိုသည်။

မိက္ခာကလည်း ပြောသည်။ 'ဘုရားသခင်ကလည်း ပလ္လင်ပေါ်တွင် ထိုင်နေသည်ကိုငါတို့တွေ့ရသည်။ ကောင်းကင်မှ ကိုယ်စားလှယ်များကို သူကခေါ်၍ အာဟပ်ကို မည်သူက သွား၍ လှည့်ဖျားနိုင်မည်နည်း။' ဟုဆိုသည်။ 'လိမ်ညာတတ်သော ဝိညာဉ်တခုတက်လာပြီး ဘုရားသခင်ရှေ့တွင် ကျလာသည်။ လူလိမ်လူညာ' ဟုဆိုသည်။ ထိုလိမ်ညာတတ်သော ဝိညာဉ်က ထိုပရောဖက်များထဲသို့ဝင်ရောက်သည်အခါတိုင်း ဝိညာဉ်တော်က သူတို့သည် ဘုရင်၏ပရောဖက်များဖြစ်သောကြောင့် သယ် ဆောင်သွားခြင်းခံရပါသည်။ သူတို့တွင်ရှိသမျှအရာတို့မှာလည်း ကောင်းမွန်ပါသည်။

59 ၅၉။ ယနေ့အသင်းတော်မှာလည်း ထိုသို့ပင် ပြုလုပ်ပါသည်။ ရေးကျသောအတွေ့ အကြုံမျိုး သင်ရရှိပြီး ဖြစ်ပါသည်။ သင်သည်လမ်းဒေါင့်တနေရာတွင် ရပ်ပြီးဧဝံဂေလိတရားကို ဟောပြောလျက်ရှိသည်။ ထိုအဖွဲ့အစည်းများထဲမှ ထွက်လာကြပြီး မိမိတို့ကိုယ်ကို '

လွတ်လပ်သောသူများ ’ ဟုခေါ်ဆိုကြပါသည်။ သင်တို့သည်မိမိအန်ဖတ်ကို ပြန်စားသောခွေးကဲ့သို့ မဖြစ်ပါစေ နှင့်။ ဘုရားသခင်က သင့်ကို သူ၏နှုတ်ခံတွင်းထဲမှ ထွေးထုတ်တော်မူလိမ့်မည်။ ကိုယ်တော်ရှင်က ‘ သင်သည်မပူမအေးဘဲ နွေး နွေးကလေးပင်ဖြစ်နေပါသည်။ ’ ဟုဆိုသည်။ စည်းဝေးနဲနဲလုပ်သည်။ ဂီတတီးမှုတ်ခြင်းအနည်းငယ် ပြုလုပ်ပြီး သီးချင်းအနည်း ငယ်ဆိုသည်။ ခရစ်ယာန်သာသနာအတွက် ပုံသက်သေကောင်းဖြစ်မလာတော့ပါ။

ရုပ်မြင်သံကြားကြည့်ရန် ကျွန်တော်၏ သားကဖုန်းကို ဆက်ခေါ်ပါသည်။ ရော့အင်န်ရိုးလ်ကပြီးနောက် ဓမ္မသီချင်းများ သီဆိုနေသည်မှာ သခင်ယေရှုခရစ်တော်ကို အရှက်ခွဲသကဲ့သို့ ပင်နေဖြစ်ပါသည်။ ဘုရားကျောင်းထဲတွင် ရိုရိုသေသေ လေးစားမှု မရှိတော့ပါ။ ဖက်ရှင်ပြပွဲကဲ့သို့ဖြစ်ပြီး အသက်ရှင်တော်မူသော ဘုရားသခင်၏ အသင်းတော် ၊ သခင်ယေရှု၏တန်ခိုးတော်ကို ဖော်ပြသည့်နေရာကဲ့သို့မဟုတ်တော့ပါ။ တနေရာတွင် တစုံတခု မှားယွင်းနေပါပြီ။ မဖြစ်သင့်သည့် အရာပင်ဖြစ်ပါသည်။ သမ္မာကျမ်းစာကလည်း ထိုသို့ ဖြစ်လိမ့်မည်ဟုဆိုထားပါသည်။ သတိထားပါ။ သိပ်နောက်မကျမီ နိုးထကြပါ။

60 ၆၀။ ကျွန်တော်က ‘ မည်သူ ပရောဖက်၏ စကားပြည့်စုံစေရန်အတွက် အာဟပ်မင်းကို လှည့်ဖျားနိုင်ပါမည်နည်း။ ’ ဟုမေးသည်။ ပရောဖက်၏ စကားဖြစ်ပါက ကောင်းကင်နှင့် မြေကြီးမတည်သောလည်း ထိုစကားတည်မြဲပေမည်။ ပြည့်စုံလာ မည်။ဖြစ်ကို ဖြစ်လာပေမည်။

‘ဤသူကိုထောင်ထဲသို့ထည့်လိုက်ပါ။ အစာရေစာကိုဝရုသာကျွေးပြီး ဝမ်းနည်းသွားစေပါ။ ကျွန်တော် အေးချမ်း စွာပြန်လာသည့် အချိန်တိုင် သူကိုကြည့်ရှုပြုစုလိုက်ပါသည်။’ ဟုသူကပြောသည်။

မိက္ခာထိုနေရာတွင်ပင် ရပ်နေပြီး ဘုရားသခင်၏ ဝိညာဉ်တော် သူနှင့်အတူရှိနေတော်မူကြောင်း သိနေပါသည်။ သူ၏ ပရောဖက်ပြုချက်များနှင့် ရူပါရုံများမှာ မှန်ကန်မှုရှိပါသည်။ သူ၏ သတင်းစကားမှာလည်း မှန်ကန်ပါသည်။ အကြောင်းမှာ နှုတ်ကပတ်တော်အားဖြင့် ကိုယ်တော်ရှင်မိန့်တော်မူခြင်း ကြောင့် ဖြစ်ပါသည်။

နားလည်မှုရှိပါ။ ညီအစ်ကို။ နားထောင်ပါ။

61 ၆၁။ ကာယဖမှာ ထိုအရာကို မမြင်ပါ။ ဘာကြောင့်သူအောက်သို့ မကြည့်ပါသနည်း။ သူသည် အသင်းများအားလုံး၏ သာသနာပိုင်ဖြစ်သည်။ ပုပ်ရဟန်းမင်း လည်းဖြစ်တယ်။ သခင်ယေရှု ရပ်နေသည်ကို သူတို့ဘာကြောင့် မမြင်ကြပါသနည်း။ ဘာကြောင့် နားမလည်နိုင်ပါသနည်း။ ဆာလံ ၂၃၊ ဆာလံ ၂၂ စသည်တို့ကိုဖတ်ပြီး ‘အကျွန်ုပ်တို့ဘုရား အကျွန်ုပ်တို့ဘုရား အဘယ်ကြောင့် ကျွန်ုပ်တို့ကို စွန့်ပစ်တော်မူ သနည်း’ ဟုဆိုသောစကားကို ဆိုကြပြီ ကိုယ်တော်ရှင် လက်ဝါးကားတိုင်တွင် ချိတ်ထားလျှက်ရှိသည်ကို တွေ့ကြပါသည်။ ကျမ်းချက်များ တူညီ၍ သူတို့ကိုးကွယ်နေသော ဘုရားမှာလည်း အတူတူပင် ဖြစ်ပါသည်။ သူအား အပြစ်စီရင်၍ ဘုရားဖြစ်ယောင်ဆောင်သူဟု စွပ်စွဲပြီး သတ်ကြခြင်းဖြစ်ပါသည်။

သမ္မာကျမ်းစာက ကိုယ်တော်ရှင်သည် တံခါးအပြင်ဘက်တွင် ရပ်နေ၍ခေါက်လျှက်နေသည်ဟု ဆိုပါသည်။ ဘယ်သူကမျှ သူကိုဝင်ခွင့်မပြုပါ။ ငါချစ်သောသူကို ငါဆုံးမမည်။ သူသည် နှိမ့်ချမှု ရှိအောင်ပြုလုပ်မည်။ ချစ်တော်မူသောကြောင့် ဖြစ်ပါသည်။ စိတ်နှလုံးတံခါးကို ဖွင့်၍ ငါကို ဝင်စေပါ။ ‘ငါသည် ဘုရားကျောင်းထဲသို့ ဝင်လိုခြင်းမဟုတ်ပါ။လူတစ်ဦးစီ၏ စိတ်နှလုံးထဲသို့ ဝင်လိုခြင်းဖြစ်ပါသည်။ သူသည် ဘုရားကျောင်းထဲသို့ မဝင်နိုင်ပါ။ အပြင်ဖက်တွေ သော့ပိတ်ခံနေရခြင်းဖြစ်ပါသည်။ ဤအသင်း တော်ခေတ်ကာလတွေသာ ကိုယ်တော်ရှင်သည် အပြင်ဖက်သို့ ရောက်နေခြင်းဖြစ်ပါသည်။ ယာယီသာ ကိုယ်တော်ရှင်ကို ဖော်ပြကြပါသည်။ ဖြောင့်မတ်တော် မူခြင်းပုံဏ္ဍာန်ဖြင့် ဖြစ်ပါသည်။ လာမည့် ခေတ်ကာလတွင် အပြည့်အဝ ဖော်ပြခြင်း ခံရပေမည်။ သခင်ယေရှုသည် မနေ့၊ ယနေ့နှင့် ထာဝရကာလ တည်မြဲတော်မူသည်။ လူဇာတိခံယူသူ များစွာရှိပါသည်။ သို့သော်လည်း မူးရင်းပထမဆုံး ပုဂ္ဂိုလ်ကို စစ်ဆေးတော်မူပါ။

62 ၆၂။ မောရှေသည် ဘုရားသခင်၏ ပညတ်တော်များဖြင့် ကွာသရေလကို ကယ်တင်ရန်သွားသော အခါ အံ့ဖွယ်နိမိတ် လက္ခဏာများ ပြခဲ့ပါသည်။ သူထံတွင် ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော် ရှိသဖြင့် နှုတ်ကပတ်တော်က ဖော်ပြတော်မူပါသည်။ သူတုန်လှုပ်ခြင်း မရှိပါ။

နောက်ဆုံးသော ကာလတွင်လည်း ဂတိထားတော်မူရာ အလားတူအရာများစွာရှိပါသည်။ jonbres နှင့် jannes က မောရှေကို ပြိုင်ပါသည်။ သမ္မာတရားကိုလည်း ထို့ကဲ့သို့ပင် ပြိုင်ဆိုင်ကြမည်ဖြစ်ပါသည်။ အဖွဲ့အစည်းဖွဲ့၍ လူကို ရွေးချယ်တင်မြှောက်ပြီး ဘုရားထံမှလာသော အရာမဟုတ်ကြောင်း သိရပါသည်။ လူတို့၏ စိတ်နှလုံးကို ဆွဲဆောင်ရန် ဘုရားသခင်က ထိုသို့ပြုလုပ်ခြင်း ဖြစ်ပါသည်။ လည်းကောင်းနောက် သတင်းစကားပေါ်ထွက်လာပါသည်။ သတင်းစကားမရှိပါက ဘုရားထံမှလာခြင်းမဟုတ်ပါ။ ယုဒနားမလည်အောင် ဖြစ်ရပါသည်။ ကိုယ်တော်ရှင်နှင့်အတူ လျှောက်လှမ်းခဲ့သော်လည်း နားမလည်နိုင်ခဲ့ပါ။

63 ၆၃။ စစ်မှန်သော ဘုရားသခင်ဘိသိတ်ပေးတော်မူသော၊ စစ်မှန်သောမျိုးစေ့၊ ကမ္ဘာကြီးမပေါ်ထွန်းမီအချိန်ကရှိ နှင့်သော ဘုရားသခင်၏ဝိညာဉ်မှာ ခရစ်တော်၌ သင်သည် ယခုရှိနေပါသည်။ အကြောင်းမှာ နှုတ်ကပတ်တော် ပြည့်စုံစေ ရန်အတွက် ဖြစ်ပါသည်။ သူသည် ဘုရား၏ပြည့်စုံခြင်းဖြစ်သည်။ ကိုယ်ခန္ဓာ၌ ပြည့်စုံခြင်းဖြစ်သည်။ ဘုရားသခင်သည် ခရစ်တော်၌ရှိပြီး ကမ္ဘာလောကကြီးကို သူနှင့်ရန်ငြိမ်းစေပါသည်။ သင်သည် ဘုရား၌တည်လျှင် နှုတ်ကပတ်တော်တည်းဟူသော မျိုးစေ့၊ အစအဦး၌ရှိသော အသွင်သဏ္ဍာန်ရှိ၍ သူနှင့်အတူ ကမ္ဘာပေါ်တွင် လိုက်လျှောက်လျက် ကားတိုင်ပေါ်တွင် အသေခံ လျက်၊ ဝေဒနာတော်ခံစားလျက်၊ သူနှင့်အတူ ရှင်ပြန်ထမြောက်ပြီ ကောင်းကင်နေရာများတွင် ထိုင်၍ ကိုယ်တော်ရှင်တည်းဟူ သော နှုတ်ကပတ်တော်နှင့် မိတ်သဟာယဖွဲ့လျက်ရှိပါသည်။ ‘လူသည် နှုတ်ကပတ်တော်အားဖြင့် အသက်မွေးရမည်။’ ဟုဆိုသကဲ့သို့ သင်၏ဝိညာဉ်ကို ကြီးထွားလာစေပါမည်။

ယဇ်ပူဇော်သင့်အခါ နောက်တနေ့မနက်မရောက်မီ အားလုံးကို မီးရှို့လိုက်သည်။ အကြောင်းမှာ မနက်ဖြန်သည် အခြားသော အသင်းတော်ကာလတစ်ခုသို့ ရောက်သွားပါပြီ။ ထွက်မြောက်ခြင်းဖြစ်သည်။ ယဇ်ပူဇော်ခြင်း၏ ပုံစံလက္ခဏာလည်းဖြစ်ပါသည်။

64 ၆၄။ သခင်ယေရှုက 'ငါသည် သိုးဝင်သော တံခါးဖြစ်၏။' ဟုယောဟန် ၁၀ တွင် ဖော်ပြထားပါသည်။ ယဇ်ပူဇော် သည့် တံခါးဝတွင်လည်း ကိုယ်တော်ရှင်၏ အမည်ကို တွေ့ရပါသည်။ ထိုနေရာတွင် သင်ပူဇော်သော ယဇ်ကို ဘုရားသခင်က လက်ခံပါသည်။

ဘုရားသခင်သည် သူ၏နာမတော်ကို သခင်ယေရှု၌ထားပါသည်။ သူသည် ဘုရားသားတော်ဖြစ်ပါသည်။ သားတိုင်းသည် ဖခင်ဖြစ်သူ၏ အမည်နာမ၌တည်နေပါသည်။ သူသည်သူ၏ ဖခင်ဖြစ်သူ၏နာမ၌ ကြွလာပါသည်။ သခင်ယေရှုသည် သူ့ဖခင်၏ အမည်ဖြင့် ကြွလာတော်မူပါသည်။ သူ့ဖခင်၏အမည်မှာ ယေရှုဖြစ်သည်။ အကြောင်းမှာ သူ့ဖခင်၏ အမည်ဖြင့် သူကြွလာတော်မူ သောကြောင့်ဖြစ်သည်။

ကိုယ်တော်ကို လက်မခံသောအခါ နောက်တယောက်ကြွလာတော်မူပြီး ထိုသူကို သင့်တို့လက်ခံကြလိမ့်မည်ဟု ကိုယ်တော်ရှင် မိန့်တော်မူပါသည်။ သင့်၏ ဂိုဏ်းဂဏများဖြင့် သင်ချီတတ်သွားခြင်းဖြစ်ပေမည်။ သမ္မာကျမ်းစာက သူတို့သည် ထိုနေရာပြည့်စေရန်အတွက် ချီးမြှောက်ခြင်းခံရပြီ မျက်စိကန်းခြင်း၊ အဝတ်ချည်းစည်းရှိခြင်းဖြစ်သော်လည်း သူတို့ကိုယ်သူတို့ မသိကြပါ။ ဘုရားကျောင်း ၊ ဘာသာရေး ၊ ဘုရားတရားမဲ့ခြင်း၊ ကာကွနကဲ့သို့ ဖြစ်၍ ယဇ်ပူဇော်ပါသည်။ အာဗေလကို အစစအရာရာ လိုက်၍ အတုခိုးခြင်းဖြစ်ပါသည်။ ဗျာဒိတ်တော်အားဖြင့် ပူဇော်ခြင်းမှာ အသီးအနှံအားဖြင့် မဟုတ်ဘဲ မိမိလက်ဖြင့် ပြုလုပ်ရမည် အရာဖြစ်ကြောင်း သူကိုယ်တိုင်သိစေပါသည်။

ယုံကြည်သူသည် နူတ်ကပတ်တော်က လူဇာတိကိုခံယူသည်ကို သိမြင်နားလည်ကြပါသည်။ အခြားသူများက မသိနိုင်ကြပါ။

65 ၆၅။ သူတို့အားလုံးဟာ ဣသရေလများဖြစ်ကြ၍ မောရှေ၏ပြုလုပ်ဆောင်ရွက်မှုများကို တွေ့မြင်ကြသောအခါ သူတို့အားကောင်စီကြီးသို့ ဆုံးဖြတ်ရန်အတွက် တင်သွင်းလာကြပါသည်။ သူတို့အားလုံးက 'ဘာလမ်မှန်သဖြင့် ဘာလမ်နှင့် အတူ သွားမည်။ သူသည်ပို၍ ပညာတတ်ပါသည်။' ဟုဆိုကြပါသည်။

ဘုရားသခင်က သူတို့ကို ခွင့်လွှတ်ပါ။ တောထဲ၌ပင် ဖျက်ဆီးပစ်လိုက်ပါသည်။ သခင်ယေရှုကလည်း သူတို့တစ်ဦးမှာ ကယ်တင်ခြင်းရမည်မဟုတ်ပါဟု ဆိုပါသည်။

သူတို့က ငါတို့၏ဘိုးဘေးများသည် တောထဲ၌ နှစ်ပေါင်းလေးဆယ်ခန့် မန္နမုန့်ကို စားကြသည်ဟုဆိုသည်။

ကိုယ်တော်က သူတို့အားလုံးသေဆုံးကြသည်။ ဘုရားနှင့် ထာဝရကွဲကွာ ရသည်။ တယောက်မကျန်သေဆုံးသည် ဟုဆိုပါသည်။ အမှားကို ယုံကြည်မိသောကြောင့်ဖြစ်သည်။ မောရှေတည်းဟူသော ဘုရားသခင်၏ သက်သေ ဂတိထားတော်မူရာပြည်ကို ဦးဆောင်၍ ဦးဆောင်သူ၏ နောက်သို့ သူတို့မလိုက်လိုကြပါ။

ယုံကြည်သူများ သိနိုင်သော်လည်း မယုံကြည်သူများ မသိကြပါ။ သက်သေပြတော်မူခြင်းပင် ဖြစ်ပါသည်။

66 ၆၆။ ကယာဖမှာ အလွန်ဘုရားတရား ကြည်ညိုသူ ဖြစ်ပါသည်။ ယဇ်ပုရောဟိတ်အားလုံးမှာလည်း ဘုရားတရား ကြည်ညိုလွန်းကြသူများ ဖြစ်ပါသည်။ သခင်ယေရှုက သူတို့သည် နတ်ဆိုး၏သားများဖြစ်သဖြင့် နတ်ဆိုး၏ အလုပ်ကိုလည်း လုပ်မည်ဟု ဆိုပါသည်။

သို့သော်လည်းယုံကြည်သူအနည်းငယ်သာ ရှိပါသည်။ သခင်ယေရှုက ခမည်းတော်နှင့် သူသည် အတူတူပင်ဖြစ်သည်ဟု ဆိုသောအခါ တပည့်တော်များ နားမလည်နိုင်ကြပါ။ ရှင်းမပြတတ်ကြပါ။ လူသား၏အသားတော်နှင့် အသွေးတော်ကို သောက် သုံးခြင်း မရှိပါက အသက်မရှင်နိုင်ပါဟု ကိုယ်တော်ရှင်က ဆိုပါသည်။ သူတို့ရှင်းမပြနိုင်ကြပါ။ သို့သော်လည်း သူတို့ယုံကြည်ပါ သည်။ ဘုရားသခင်သည် သက်သေဖြစ်၍ လူဇာတိကို ခံယူတော်မူသောကြောင့်ဖြစ်သည်။

67 ၆၇။ သခင်ယေရှုက သူ့ခမည်းတော်၏ အလုပ်များကို သူမလုပ်ပါက သူတို့မယုံကြည်ပါနှင့် ဟုဆိုထားပါသည်။ သို့သော်လည်း ငါ့ခမည်းတော်၏ အလုပ်များကို ငါလုပ်ပါက နူတ်ကပတ်တော်အရ သူ့အတွက်ကြိုတင်ဖော်ပြချက်များကို ပြုလုပ်ဆောင်ရွက်သည်ဟု ဆိုထားပါသည်။ သူ့အားမယုံနိုင်ပါက သူလုပ်သော အလုပ်များကို ယုံကြည်ပါ။ သို့မှသာ ကယ်တင်ခြင်းရမည်ဟု ဆိုထားပါသည်။ သခင်ယေရှုက သူ၏သိုးတို့သည် သူ့အသံကို သိသည်။ သူ့စကားသံကို သိသည်။ ထိုခေတ်ကာလ အတွက် သက်သေပြခြင်းဖြစ်ကြောင်း သူတို့တွေ့မြင်ကြပါသည်။

ကာယဖလည်း နူတ်ကပတ်တော်ကို သိပါသည်။ သို့သော်လည်း ထိုခေတ်ကာလက နူတ်ကပတ်တော် မဟုတ်ပါ။ ဖာရိရှဲများက သူ့အတွင်းသို့ထည့်သွင်းထားသော နူတ်ကပတ်တော်သာ သူ့၌ရှိပါသည်။ သို့သော်လည်းထိုခေတ်ကာလက သက်သေပြတော်မူ သော နူတ်ကပတ်တော်မဟုတ်ပါ။

သူတို့သည် ငါ၏အသံကိုသိကြသည်။ ငါ၏ နိမိတ်လက္ခဏာများကို သိကြသည်။ အံ့ဖွယ်ရာများကိုလည်း နားလည်ကြပါသည်။

ကျွန်ုပ်တို့၏ သမ္မာကျမ်းစာကို ပြန်လည်၍ဖတ်ရှုကြပါစို့။ မဖတ်ပါက ကျမ်းချက်များစွာတို့ကို မသိနားမလည်ဘဲ ဖြစ်သွားကြပါမည်။ အာမင်။

68 ၆၈။ သင်တို့သည် ဤဘုရားကျောင်းကလေးကို တတ်ခဲ့ပြီး အလှူငွေထည့်ခဲ့ကြသည်။ ကျွန်တော်၏ကလေးများကို ကျွေးမွေးခဲ့ကြသည်။ အဝတ်အစားဆင်ယဉ်ပေးခဲ့ကြသည်။ သူတို့ထည့်သော အလှူငွေကလေးများ ဘယ်ရောက်သွားကြ သည်ကို သိပါသလား။ ဘုရားအကြောင်းဘာမှမသိကြသေးသော် တပါးအမျိုးသားများထံသို့ အလှူငွေများ ရောက်သွားကြပါ သည်။ ထိုငွေများကို ကျွန်ုပ်တို့အတွက် သုံးခဲ့ပါသည်။ ဘုရားသခင်သည် ကျွန်တော်၏ တရားသူကြီးပင်ဖြစ်ပါသည်။ ကျွန်တော် အသင်းတော်၏ ဘဏ္ဍာနက်ထိန်းများလည်း ယခုရှိကြပါသည်။ ကျွန်တော် တစ်ပတ်လျှင် ဒေါ်လာ နှစ်ရာသာ ရပါသည်။ ကျွန်ငွေများ မှာ ရေခြားနယ်ခြား စည်းဝေးပွဲများ အတွက် အသုံးပြုကြပါသည်။

အသင်းတော်များက ကျွန်တော်ကို မလိုလားကြပါ။ ယေရှုတပါးတည်းကိုသာ လက်ခံသူအဖြစ် သတ်မှတ်ကြပါသည်။ ယေဇဗေလကဲ့သို့ အယူမှားသူ ၊ ဘုရားရှူးရှူးသူဟု ဆိုကြသည်။ ကျွန်တော်၏ သခင်ကို သူတို့က ယေဇဗေလဟု ခေါ်ကြသည်။ ယေဇဗေလဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ သခင်ကိုပင်လျှင် ထိုသို့ခေါ်လျှင် နောက်လိုက်တပည့်တော်များကို မည်သို့ခေါ်ဆိုကြ ပါမည်နည်း။

သင်ကိုယ်တိုင်လည်း ဘုရားသခင်၏ အကူအညီဖြင့် ကျွန်တော်ကို သူတော်ကောင်းယောင်ဆောင်သူဟု ထင်ပါသလား။ ဘုရားထံမှ လာသည်ဟု ထင်မြင်သည်ဟုလည်း သင်က ထင်ပါသလား။

69 ၆၉။ သခင်ယေရှုနာမ၌ ကျွန်တော်ပြောသမျှသည် ပြည့်စုံသည်ကို သင်ကြားမိပါသလား။ ထောင်ပေါင်းများစွာ ဖော်ပြ သည်မှာ ပြည့်စုံပါသည်။ရှမွေလအား ရွေးချယ်သည်အချိန်ကိုလည်း ပြန်၍ အမှတ်ရကြပါ။ ဣသရေလမှာလည်း အခြားသော နိုင်ငံများကဲ့သို့ မိမိကိုယ်ကို ပြုလုပ်လိုကြပါသည်။ ပင်တေကုတ္တေများ ဦးတည်နေသော အရာပင်ဖြစ်ပါသည်။ အခြားသောသူ များကဲ့သို့ သင်တို့ပြုမူလိုကြပါသည်။ သင်တို့သည် ထိုလူအမျိုးအစားများမဟုတ်ကြပါ။ ဝေးဝေးရှောင်ပါ။ အသင်းတော်ကြီးများနှင့် ကြီးမားသော အရာများကို အတုမခိုးကြပါနှင့်။ ကိုယ်တော်ရှင် ကြွလာတော်မူရန် နီးပြီဖြစ်ကြောင်း ကျွန်တော်တို့ ဟောပြောကြပါ သည်။ ဘုရားမဲ့သူများကို အနီးကပ်သွား၍ လေ့လာကြပါစို့။

70 ၇၀။ ရှာမွေလက ‘ငါသည် အသက်မွေးဝမ်းကျောင်း အတွက် သင်တို့ထံမှ ငွေယူဘူးပါသလား ’ ဟုမေးသည်။

သူတို့က ‘ရှာမွေလ၊ ခင်ဗျားတစ်ခါမှ ထိုသို့ မလုပ်ဘူးပါ ။’ ဟုဖြေသည်။

ကိုယ်တော်ရှင်၏ နာမတော်မြတ်၌ သင်တို့ကျွန်တော် ပြောပြခဲ့သည့်အတိုင်း ဖြစ်ခဲ့သည် မဟုတ်ပါလော့။

မှန်ပါသည် ရှာမွေလ၊ သင်သည် ဘုရားသခင် ပို့ဆောင်တော်မူသော ပရောဖက်ဖြစ်ကြောင်း ကျွန်ုပ်တို့ယုံကြည်ပါသည်။ သင်ပြောသမျှအမှန်တကယ်ပင် ဖြစ်ပေါ်လာပါသည်။ သို့သော် ကျွန်တော်တို့က လိုချင်ကြပါသည်။ ဘာဖြစ်လာမည်ကို ကြည့်ပါ။ နှုတ်ကပတ်တော် သမ္မာကျမ်းချက်များ အသွားအလား မိမိဘာသာ ဖြစ်ပျက်လျှက်ရှိပါသည်။ ဘုရားသခင်၏ နည်းလမ်းအတိုင်း ပင်ဖြစ်ပါသည်။

သမ္မာကျမ်းစာကို လေ့လာကြပါစို့။ တချိန်လုံးအခြားအရာများကိုသာ ပြောနေပြီး လေ့လာရမည့် ကျမ်းချက်သို့ မရောက်ဘဲ ဖြစ်နေရပါသည်။

71 ၇၁။ ကမ္ဘာကြီးနှင့်အတူပျက်စီးမသွားပါနှင့်။ သင်သည်လောကနှင့်ဆိုင်လျှင် လောကနှင့်သာအတူ ပျောက်ကွယ်သွား ပေလိမ့်မည်။ သင်သည်ဘုရားနှင့်ဆိုင်လျှင် ကိုယ်တော်နှင့်အတူ ရှင်ပြန်ထမြောက်သည့်အခါ ထမြောက်ရလိမ့်မည်။ ယနေ့ည တွင်ပင်လျှင် လောကအရာကို ချစ်ခြင်းမေတ္တာများမှ ပြောင်းလဲပြီး သင့်ကိုယ်စားပူဇော်ခြင်းကိုခံတော်မူသော ကာရာနီကုန်း တော်ပေါ်သို့ မျော်၍ကြည့်ပါ။ ကိုယ်တော်ရှင်နှင့် ရင်ဆိုင်တော်မူပါ။ ထိုနေရာသည် ကိုယ်တော်ရှင်အားတွေ့ဆုံနိုင်မည့် တခုတည်းသောနေရာဖြစ်ပါသည်။

မက်သဒစ်များက ‘သူသည်ကျွန်ုပ်တို့၏ အသင်းတော်ထဲတွင်ရှိသည်။’ နှစ်ခြင်းများကငင်း၊ ပင်တေကုတ္တေများ ကငင်း၊ ပရက်စပတေးရီးယားများကငင်း၊ ထိုကဲ့သို့ပင်ပြောဆိုကြပါသည်။

သို့သော်လည်းသူကပြောဆိုသည်မှာ သူတို့ကိုတနေရာတွင် ဆုံတွေ့မည်။ ထိုနေရာတွင်ငါ၏ နာမကိုထားမည်ဟု ဆိုထားပါ သည်။ ထိုနေရာတခုတည်းတွင်သာ ကိုယ်တော်ရှင်ကသင့်ကို တွေ့ဆုံမည်ဖြစ်ပါသည်။ ၎င်းမှာခရစ်တော်ပင် ဖြစ်သည်။ ခရစ် တော်သည်နှုတ်ကပတ်တော်ဖြစ်တော်မူသည်။ မနေ့ကလည်း အတူတူပင်ဖြစ်ပါသည်။ ခြေထောက်မှစ၍ ကြီးထွား လာပါသည်။ ယခုအခါတွင် ဦးခေါင်းသို့ရောက်လာပြီးဖြစ်သည်။ အပြည့်အဝဖော်ပြမည်ဖြစ်သည်။ အပြည့်အဝအတိုင်းအတာဖြင့် သတိုးသမီး ကို ဖော်ပြထားခြင်းပင်ဖြစ်ပါသည်။ သတိုးသားသည်လည်း အလားတူပင်ဖြစ်ပါသည်။

72 ၇၂။ ကျွန်ုပ်တို့၏ ကျမ်းချက်ကို ဆက်လက်၍ လေ့လာကြပါစို့။

ဘုရားသခင်က သူ၏ပရောဖက်ကို စေလွှတ်ခဲ့ပါသည်။ မာလခိ(၃)တွင် နှုတ်ကပတ်တော်အတိုင်း ဂတိပေးတော် မူချက်ရှိသည်။ သူကြွလာတော်မမူမီ ရှေ့တော်ပြေးအဖြစ် သတင်းပို့ဆောင်သူကို လွှတ်မည်ဖြစ်ပါသည်။

သင်သည်ထိုအရာကို သက်သေပြနိုင်ရန်အတွက် မဿဲအခန်းကြီး(၁၁)တွင်အလားတူဖော်ပြထားသည်ကိုတွေ့ကရပါသည်။ ယောဟန်၏တပြည့်တော်များရောက်လာသောအခါ သူတို့သည်သခင်ယေရှုကို တွေ့မြင်ကြပါသည်။ ယောဟန်သည် ထောင် ထဲ၌နေ၍ သူ့အကြောင်းကိုမေးရန်ဟုသူတို့ကဆိုပါသည်။

ယောဟန်၏သိမ်းငှက်ကဲ့သို့ မျက်လုံးများမှာ ရှုပါရုံထင်ရှားစွာတွေ့ရပါသည်။ သူသည်ထောင်ထဲ၌နေ၍ သေမယ့် နေကိုစောင့်နေ ပါသည်။ ‘ကိုယ်တော်ရှင်အားသား၍ ပေးပါ။’ ဟုသူကဆိုပါသည်။

မိလေနိကာလသည် ချက်ခြင်းစတင်တော့မည်ဟုဆိုပါသည်။ မျိုးစေ့များအဆင်သင့်ဖြစ်ပြီဟု သူကထင်မြင် ယူဆပါသည်။ ၎င်းသည်သေရပြီးနောက်မှ အညှောင့်ပေါက်ရပေမည်။ ပြန်လည်အပင်ပေါက်ပြီး စစ်မှန်သောသတိုးသမီး ဖြစ်လာပေမည်။ စပါးတို့ကို စပါးကျီထဲစုသိမ်းပြီးမီးရှို့ရပေါ့မည်။ ထိုခေတ်ကာလကခရစ်တော်၏ ရှေ့ပြေးသည် ဘာဖြစ်သွားသည် ကိုကြည့်ပါ။

73 ၇၃။သင်သည်အိပ်ငိုက်နေခြင်းမဟုတ်ကြောင်း ငါမြော်လင့်မိပါသည်။ မျိုးစေ့ဤနေရာတွင်ရှိပါသည်။ စပါးကျီထဲ စုသိမ်းရပေါ့မည်။ ၎င်း၏တစိတ်တဒေသသည် ထိုသတိုးသမီးပင်ဖြစ်ပါသည်။ အညှောင့်သည်ဘာဖြစ်မည်ဟု သူကပြော ပါသနည်း။ မငြိမ်းနိုင်သော မီးဖြင့်

လောင်ကျွမ်းခြင်းခံရပါ့မည်။ သင်ရှာဖွေနိုင်သည့်အချိန်တွင် ကယ်တင်ခြင်းကိုရှာဖွေပါ။ မျိုးစေ့ ဖြစ်ပါ။ အညှာမဖြစ်ပါနှင့်။ အသက်ရှင်ခြင်းလမ်းကိုသွားပါ။ ဟောင်းနွမ်း၍ သေဆုံးသောပုံစံဖြင့် မသွားပါနှင့်။ ခရစ်တော်၏ အသက်တာထဲသို့ သွားပါ။ နှုတ်ကပတ်တော်ကို ဖော်ပြပါ။ စုသိမ်းရမည့်အချိန်ဖြစ်ပါသည်။ ပေါင်းစည်းခြင်းဖြစ်ပေါ်လာပြီ။ မျိုးစေ့ထဲသို့ဝင်ပါ။ အသေးအဖွဲ့ များအားလုံးကို နောက်တွင်ချန်ထားပါ။

74 ၇၄။ ယခု ကျွန်ုပ်တို့သည်ဘာဖြစ်နေလဲဆိုတာကို ရှာတွေ့သွားပါသည်... ယေရှု...ကျွန်ုပ်အကြောင်းကို ဒီမှာမပြီးခင်မှာ ဒီမသဲ ၁၁။ သူသည် ယောဟန်ကိုမပေးခဲ့ပါဘူး။သူပြောပါသည်။ ‘ယခုစောင့်ပါ။ကျွန်ုပ်သည် ဂျွန်ကို စာအုပ်တစ်အုပ်ကို သူဘယ်လိုဟော ပြောနိုင်မလဲဆိုတာကို ကြည့်ပါမည်။ ယုံကြည်သူတစ်ယောက်သည်ထောင်ထဲမှာရှိပါသည်။’ မဟုတ်ပါ။ သူပြောပါသည်။ ‘မတ် တပ်ရပ်၍ ဘာဖြစ်နေလဲဆိုတာကိုကြည့်လိုက်ပါ။ ပြန်သွား၍ ယောဟန်ကို ဘာဖြစ်လဲဆိုတာကိုပြလိုက်ပါ။ ခြေမစွမ်းသူသည် လမ်းလျှောက်ပါသည်။ မျက်စိမမြင်သောသူသည် မြင်ပါသည်။ သေသောသူသည် ရှင်ပြန်ထမြောက်ပါသည်။ ပြီးတော့ နှုတ်ကပတ် တော်သည် ဆင်းရဲသောသူပေါ်တွင် ဟောပြောပါသည်။’ တကယ်အတိအကျဖြစ်ပါသည်။ ပရောဖက်ပြောခဲ့သလို ‘ငါ့အပေါ်မ ကျေနပ်သောသူသည် ကောင်းချီးပေးမခံရပါ။’

သူ၏တပည့်တော်သည်တောင်ကုန်းပေါ်မှာ ဖြတ်သွားပါသည်။ သူသည် နောက်ပြန်လှည့်ပြီးတော့ပြောပါသည်။ ‘ဘာက သင့်ကို သွားမြင်ခိုင်းပါသနည်း။ သင်သွားမြင်တဲ့အခါမှာလည်းဂျွန်’ သင်တုန်လှုပ်နေသောယောကျ်ားတစ်ယောက်ကိုတွေ့ပါသ လား။ အလွန်ပါးသောပိတ်စပေါ်တွင် ရှေ့ဆက်ပါမည်။ လှည့်ပတ်နေသောကော်လံ သင်သိပါသလား။ ‘ပြောပါသည်။’ သူတို့သည် ဘုရင်နန်းတော်တွင် ရှိနေပါသည်-သူတို့သည် ကလေးတွေကိုနင်း၍ အလောင်းတွေကို မီးရှို့လိုက်ပါသည်။ သူသည် ဓား၂လက်စ လုံးကိုင်ရသောဓားကိုဘယ်လိုကိုင်ရမလဲမသိပါ။ ‘ပြောပါသည်။’ ဘာတွေ့ပါသလဲ။ ချူပင်သည် လေအကြောင်းကို လှုပ်သွားပါသည်- လာပါ ဂျွန်။ ကျွန်ုပ်သည် သင့်ကို ပိုက်ဆံပေးပါမည်။ သင်လာသောအခါ (ကောင်းပြီ။ ဘုရားသခင်ကောင်းချီးပေးပါစေ။ကျွန်ုပ်သည် မက်သဒစ်မဟုတ်တော့ပါ။ ကျွန်ုပ်သည် ပင်တေကုတ္တေဖြစ်မှာပါ။ ကျွန်ုပ်သည် ဘရက်ပေတီယန်းဖြစ်မှာပါ။ကျွန်ုပ် သည် အဲဒါဖြစ်မှာပါ။ ဒါမှမဟုတ် အချို့အရာသည် တော်တော်ရှည်ပါသည်။ ပိုက်ဆံမရှိလျှင်)ပြောပါသည်။ သင်သည် ချူပင်သည် လေဖြင့် ယိမ်းသွားသည်ကိုတစ်ခါမျှမမြင်ဘူးပါ။ ‘ပြောပါသည်။’ သင်သည် ထိုနေရာကို ဘာဖြစ်လို့သွားပါသလဲ ပရောဖက်။ ‘သူ ပြောပါသည်။ ဟုတ်ပါတယ်။ ပရောဖက်ထက်ပိုပါသည်။’

75 ၇၅။ ယောဟန်သည် သခင်ယေရှုကို အနည်းဆုံးဆက်သမှုပေးခဲ့ပါသည်။ ထိုနည်းလမ်းအတိုင်း လာရမည်ကို သိကြပါသည်။ သူအားမိတ်ဆက်ပေးပြီးနောက် နိမိတ်လက္ခဏာကိုလည်း တွေ့ခဲ့ရပါသည်။ သူသည် မေရှိယဖြစ်သည်။ ‘ ဟုသူကလာ၍ ပြောဆိုသည်။ ကိုယ်တော်ရှင်သည် ကြွလာ တော်မူမည်။ သူမဟုတ်ပါက နောက်လူကိုစောင့်ကြမည်ဟု သူတို့က ဆိုပါသည်။

သခင်ယေရှုက ထိုအကြောင်းအရာကို သိသောအခါသူသည်လှည့်၍ သူ့အားဆက်သမှုကို ပေးပါသည်။ ‘သင်သွား၍ ဘာကိုကြည့်ပါသနည်း။ လေတိုက်၍ လှုပ်နေသောအပင်ကို ကြည့်ခြင်းဖြစ်ပါသလား။’ ‘ယနေ့ထက်တိုင် သာမန် အမျိုးသမီး များမှ ဖွားမြင်သောမိန်းမများထဲတွင် ဗတ္တိဇံယောဟန်ကဲ့သို့သော လူမျိုးတစ်ဦးမှ မရှိခဲ့ဘူးသေးပါ။’ ဟုဆိုထားပါသည်။

ထိုပရောဖက်ပြုချက်သည် သူတို့၏ရှေ့တွင်ပင် ပြည့်စုံခဲ့ပါသည်။ မာလခိပြောဆိုခဲ့သည့်အတိုင်းပင် ဖြစ်ပါသည်။ မာလခိ (၃)ဖြစ်ပါသည်။ မာလခိ(၄)မဟုတ်ပါ။

ဗတ္တိဇံယောဟန်သည် မာလခိ (၃)ဖြစ်ပါသည်။ သူတို့က ကိုယ်တော်အားမေးသောအခါ ‘ဘာကြောင့်ပြောရ သနည်း။’ ဟုမေးပါသည်။ သူတို့က ‘သူကြွလာတော်မူပါပြီ။ သူတို့ပြောသည့်အတိုင်း သူတို့ပြုလုပ်ပါသည်။’

မာလခိ(၄)တွင် ဗတ္တိဇံယောဟန် စတုတ္တအကြိမ် ကြွလာတော်မူခြင်းအကြောင်းကို သတိရပါ။ ပဉ္စမအကြိမ် ကြွလာတော်မူခြင်းမှာ ဗျာဒိတ်(၂)ဖြစ်ပေမည်။ သက်သေများဖြစ်ပါသည်။ ယုဒလူနည်းစုအကြွင်းအကျန်များအတွက် ကြွလာ တော်မူသောအခါတွင် ဖြစ်ပါသည်။ သို့သော်လည်း ဘုရားသခင်က ထိုဝိညာဉ်ကိုပင် ငါးကြိမ်တိုင်တိုင်အသုံးပြုခဲ့ပါသည်။ ကျေးဇူးတော်တည်းဟူသော ယေရှုဖြစ်၍ တချိန်လုံးယေရှုပင်ဖြစ်ပါသည်။ ယုံကြည်ခြင်း။ ကျေးဇူးတော်စသည့်တို့ဖြစ်ပါသည်။ နံပါတ်ငါးသည် ကျေးဇူးတော် နံပါတ်ဖြစ်၍ ကိုယ်တော်ရှင်ကအသုံးပြုပါသည်။ သတိပေးချက်သုံးခုတည်းသာ အသုံးပြုမည် မဟုတ်ပါ။ နှစ်၊ သုံး၊ လေး၊ ငါးကြိမ်ဖြစ်၍ သူအသုံးမည်ဖြစ်ပါသည်။

76 ၇၆။ ငါ၏စေတမန်ကို ငါကြိုတင်၍ ပို့ဆောင်သည်ဟုဆိုထားပါသည်။

မာလခိ(၄)တွင် ချက်ချင်းပင်ထိုပရောဖက်က ပရောဖက်ပြုသောအခါ မြေကြီးတခုလုံးမှာ လောင်ကျွမ်းခံရ ပါသည်။ ဖြောင့်မတ်သောသူတို့သည် ယုတ်မာသူတို့၏ ပြာပေါ်သို့လျှောက်သွားရပါသည်။ မာလခိ(၄)၏ ပရောဖက်ပြုခြင်းပင် ဖြစ်ပါသည်။ လုကာ(၁၇)ကိုသတိပြု၍ကြည့်ပါ။ ‘နောက်ဆုံးသောနေ့ရက်ကာလတွင် သောဒုံမြို့နှင့် ဂမောရမြို့ကဲ့သို့ ဖြစ်ပျက်လာပါမည်။’ နိုင်ငံများအားလုံးက သောဒုံနှင့်ဂမောရမြို့များကို ကြည့်နေကြပါသည်။ အင်္ဂလန်နိုင်ငံကို ကြည့်ပါ။ အရာခပ်သိမ်းမှာ ပြောင်းလဲ လျှက်ရှိပါသည်။ အစားအသောက်များပင် ပြောင်းလဲလျက်ရှိသည်။ သိပ္ပံပညာကဲ့သို့ပင်ဖြစ်ပါသည်။ မျိုးပွားမျိုးစပ်သကဲ့သို့ လူကို မျိုးပွားစေခြင်းဖြစ်သည်။ ပျက်စီးစေသောအရာပင်ဖြစ်သည်။ ကိုယ်ခန္ဓာကို ထိုအရာတခုလုံးက ပျက်စီးသွားစေခြင်း ပင်ဖြစ် ပါသည်။ ကျွန်ုပ်တို့မှာ မျိုးစပ်ထားသောအပင်မှာ စစ်မှန်သောပန်းပင်နှင့် လုံးဝမတူပါ။ ပိုးမွှားများ သူထံသို့ ရောက်လာပါမည်။ စစ်မှန်သောပန်းပင်မှာ ပိုးမွှားများမကပ်နိုင်ပါ။ အသင်းတော်မှာလည်း ထိုနည်းတူစွာပင်ဖြစ်ပါသည်။ ရောစပ်သွားပြီဖြစ်သည်။

77 ၇၇။ မျိုးဆက်အပင်ကိုသင်သည် ထိုနေရာ၌ ဆွဲနှုတ်လိုက်ပါသည်။ ပိုးမွှားများအားလုံးသည် ထိုနေရာကို ချက်ချင်းပြေးပါမည်။ဒါပေမဲ့

စစ်မှန်သောအပင်၊ ပိုးမွှားများသည် ထွက်သွားမှာဖြစ်ပါသည်။ ၎င်းသည်မတတ်နိုင်ပါ။၎င်းမှာ ယခုဖြစ်နေသော ပြဿနာများ အားလုံးသည် ဘုရားကျောင်းနှင့်ဆိုင်ပါသည်။ ကျွန်ုပ်တို့သည်မျိုးဆက်လိုက်ပါသည်။

၎င်းသည် မြင်းအို၏နာမည်ကဖယ်ရီကရင်းဖြစ်ပါသည်။ တွေ့လား။ (သူသည် အဲဒီကောင်လေးကို ရောက်သောနေ့ ရောက်သောအခါ ပစ်လိုက်ပါသည်။) သူက ဘာမှမဟုတ်ပါဘူး။တော်တော်အိုနေသောမြင်းဖြစ်ပါသည်။ တွေ့လား။ တစ်ခုတည်း သောအရာမှာ သူသည်... မြင်းတစ်ပိုင်း၊ မြည်းတစ်ပိုင်လိုမျိုးဖြစ်ပါသည်။ ၎င်းသည် သူ၏ဖအေ၊ မအေကို မသိပါ။ သူဘာမှမသိပါ။ ၎င်းတစ်ဝက်သည် မြင်းတစ်ပိုင်း၊ မြည်းတစ်ပိုင်း ဖြစ်ပါသည်။ပြီးတော့ တစ်ပိုင်းက မြင်းဖြစ်ပြီး တစ်ပိုင်းက မြည်းဖြစ်ပါသည်။ သူ သည် သူ့ကိုယ်သူဘာလဲမသိပါ။သူသည် သူတစ်သက်လုံးစောင့်ပြီး သင့်ကို ကန်ထုတ်ပါမည်။ ၎င်းအရာမှန်ပါသည်။ သင်သည် သူ့ကို ဒီလိုခေါ်လို့ရပါသည်။ ‘လာပါ ကောင်လေး။လာပါ ကောင်လေး’ သူသည် ၎င်း၏နားရွက်ကိုမပြီးလျှင် ‘ဟော့၊ ဟော့၊ဟော့’ တွေ့လား။

78 ၇၈။ ‘အံ့ဖွယ်နိမိတ်လက္ခဏာများ၏ အချိန်ကာလ ကုန်ဆုံးပေပြီ။’ ဟုတဝက်တပျက် ခရစ်ယာန်များ၊ အသင်းတော်၏ အသင်းဝင်များနှင့် ခရစ်ယာန်အမည်ခံများက ပြောကြသည်။ သမ္မာတရားပင်ဖြစ်ပါသည်။ ဟာသအတွက် ပြောဆိုခြင်းမဟုတ်ပါ။ စစ်မှန်သောခရစ်ယာန်မှာမူ မိမိ၏ မိမိဖခင်များကို သိကြသည်။ အဖိုးအဖွားများကို သိကြပါသည်။ သူအား သွန်သင်ပေးပါသည်။ သူသည် အလွန်နူးညံ့သိမ့်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖွားမြင်ခြင်းကိုခံသောစစ်မှန်သည့် ခရစ်ယာန်များသည် ဘုရားသခင်၏ တန်ခိုးတော် ၊ နှုတ်ကပတ်တော်နှင့်ပြည့်ဝသဖြင့် သူ၏ဖခင် မည်သူဖြစ်သည်။ မိခင် မည်သူဖြစ်ကို သိတော်မူပါသည်။ အဖိုးအဖွားတို့ကို သိ၍ သူသည် အကြောင်းအရာ အားလုံးတို့ကို သိနေပါသည်။ သူအားသင်က တစ်စုံတစ်ခုကို ဆက်လက်၍ သွန်သင်ပေးနိုင်ပါသည်။

အသင်းတော်များမှာလည်း တဝက်ရောယှက်လျက်ရှိနေပါပြီ။ လောကအရာများနှင့်ဘာသာရေး အဖွဲ့အစည်းများ ရောယှက်နေကြခြင်းဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို အနည်းငယ် ထည့်သွင်းထားခြင်းပင်ဖြစ်ပါသည်။ ဤနေရာတွင်နဲနဲ ၊ ထိုနေရာတွင်နဲနဲ ၊ လှည်းဖျားရုံသက်သက် နဲနဲစီထည့်ထားခြင်းဖြစ်ပါသည်။ စစ်မှန်သော ဘုရားသခင်၏ နှုတ်ကပတ်တော်ကို တွေ့ရသော အခါ ကာယဖကဲ့သို့ သူတို့က နားထောင်ဘဲနေကြပါသည်။ သူတို့မသိကြပါ။ ရောယှက်ထားခြင်းအရာပင်ဖြစ်ပါသည်။

79 ၇၉။ ဟေရှာယ ၄၀း၃ တွင် ယောဟန်ကို ဖော်ပြထားကြောင်း ကျွန်ုပ်တို့သိပါသည်။ တော၌ ကြွေးကြော်သော ပရောဖက်၏ အသံကိုကြားရပါသည်။ ကိုယ်တော်ရှင်အတွက် လမ်းကိုပြင်ဆင်လျက်သူ၏ လမ်းခရီးကို ဖြောင့်ဖြူးစေပါ။ အသင်းတော်က သူကိုယုံကြည်မှုမရှိပါ။ အကြောင်းမှာ သူတို့အုပ်စုနှင့် မဆိုင်သောကြောင့်ဖြစ်ပါသည်။ ပရောဖက်မှာ တောထဲတွင် နေထိုင်ခဲ့ရပြီး ဘယ်သူကိုမှမသိဘဲ နေထိုင်ခဲ့ရပါသည်။ ဧလိယ၏ဝိညာဉ်မျိုးသူထံတွင်ရှိပါသည်။ သူသည် တောသားဖြစ်သဖြင့် ကိုယ်ကျင့်တရားပျက်ပြားသော မိန်းမကို မုန်းတီးသူဖြစ်ပါသည်။

ဧလိယ ဘာကြောင့်ခေါင်းဖြတ်ခံရသနည်း။ ယေဇဗေလကြောင့် ဖြစ်ပါသည်။ ယေဇဗေလသည် အဓိက အကြောင်းရင်းဖြစ်သည်။ တောထဲတွင် သွားရောက်၍ နေထိုင်ခဲ့ရသည့် အကြောင်းရင်းလည်းဖြစ်ပါသည်။

ဗတ္တိဇံယောဟန်သည် အခြားသောမျော်စင်ကြီးတစ်ခုဖြစ်ပြီး သစ်ခုတ်သမား မုတ်ဆိုးကြီးတစ်ဦးဖြစ်ပါသည်။ သူကို ကြည့်ပါ။ သူသည်ပညာတတ်တစ်ဦးမဟုတ်ပါ။ သူ၏ပြောဆိုချက်မှာ သီဩလော်ဂျီ ပညာကဲ့သို့ မဟုတ်ပါ။ သူက ‘သင်တို့သည် မြွေဆိုးမျိုးဖြစ်သည်။ ’ ဟုဆိုပါသည်။ တောထဲတွင် အညမ်းညျူးဆုံး တွေ့ရသော အရာမှာ မြွေပင်ဖြစ်ပါသည်။ ထိုယဇ်ပရောဟိတ် များကို သူကမြွေဆိုးများ ဟုခေါ်ပြီး နောက်လာမည့် အမျက်တော်ဖလားကို မည့်သို့ရှောင်နိုင်မည့်အကြောင်း ပြောဆိုပါသည်။ အသီးမသီးသော အပင်များကို ခုတ်၍ မီးထဲသို့ ပစ်ချမည့် အကြောင်းကိုလည်း ပြောကြားပါသည်။ အာမင်။

80 ၈၀။ သူသည် သဘာဝအကြောင်း ဟောပြောသောသူဖြစ်ပါသည်။ ဘုရားသခင်၏ ကြီးမားသော ပုဂ္ဂိုလ်ဖြစ်သည်။ အချိန်တို အတွင်းအသက်ရှင်ပြီ ကမ္ဘာတဝှမ်းလုံး ကျော်ကြားသွားသူဖြစ်ပါသည်။ ခြောက်လခန့်သာ သာသနာပြုခြင်းအားဖြင့် ထိုခေတ်ကာ လက တုန်လှုပ်ခြောက်ခြားသွားပါသည်။ ဘုရားသခင်က သူအား နှစ်ပေါင်းသုံးဆယ် ပြုစုပျိုးထောင်ခဲ့ပြီ ခြောက်လသူထံမှ ထုတ်နုတ်ရပါသည်။ သူ၏ ရိုတ်သိမ်းခြင်းမှာ ဘာဖြစ်ကြောင်း သူသိပါသည်။

တကယ်ဖြစ်ပျက်ခဲ့ကြောင်း ကျွန်ုပ်တို့ယခုအခါတွင်သိရှိရပါသည်။ သူတိုသူကို မယုံကြည်ပါ။ အကြောင်းမှာ သူတို့နှင့် မသက်ဆိုင်သောကြောင့်ဖြစ်ပါသည်။ သူတိုမသိရှိကြရပါ။ မာလခိ (၃)တည်းဟူသော နှုတ်ကပတ်တော်ကို သူတို့ မယုံကြည်ကြ ပါ။ နှစ်ပေါင်းလေးရာခန့် ပရောဖက်မရှိဘဲ နေခဲ့ပါသည်။ ချက်ချင်းပင် မြင်ကွင်းထဲတွင် ပေါ်လာခြင်းဖြစ်ပါသည်။ ယုံကြည်သူများ လည်း ယုံကြည်ပါသည်။ သူတို့က မယုံကြည်ကြပါ။ အတည်ပြုဖြစ်ပေါ်လာသော အရာကို တွေ့မှသာ ယုံကြည်ပါသည်။

81 ၈၁။ ယောဟန်နှင့်ပတ်သက်သည့် ကျမ်းချက်ကိုလည်း များစွာသောသူများက ငြင်းခုန်ကြပါသည်။ ခရစ်တော်ကပေး သော ဗတ္တိဇံကို သူက ခံရမည်အစား သူကခရစ်တော်ကို ဗတ္တိဇံပေးခဲ့ပါသည်။

ယောဟန်သည် ပရောဖက်ဖြစ်သဖြင့် ယဇ်ကောင်ကို မပူဇော်မီ ဆေးကြောရပါမည့်။ သူသည်ပရောဖက်ဖြစ်၍ ခရစ်တော်သည် ယဇ်ကောင်ဖြစ်သဖြင့် ဆေးကြောခြင်းခံရပါမည်။ သူသည်ပရောဖက်ဖြစ်၍ ခရစ်တော်သည် ယဇ်ကောင်ဖြစ်သဖြင့် ဆေးကြော ခြင်းခံရပါသည်။ ဗတ္တိဇံပေးခဲ့ပါသည်။

82 ၈၂။ ကြည့်ပါ။ သူတို့သည်သူ့ကို ကြည့်၍ရယ်ပါသည်။ သူ့ကို ဒီလိုခေါ်ပါသည်။ ‘အရိုင်း အော်ပါသည်။ ဘာမှမသိသောကောင်’

ခါတိုင်းလိုပါပဲ။ ထိုပရောဖက်သည် ယေရှုလာမည်ကိုအရှေ့ကို ကြိုမြင်နေပါသည်။

